# ကြေးမုံ

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 30 August 2024

၁၁၅၆၅


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပဉ္စမအကြိမ်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်

## ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း**

စာမျက်နှာ » ၃

**ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး၊ စူပါဆိုင်ကလုန်း)**

ဆောင်းပါး စာမျက်နှာ » ၆

**လျှပ်စစ်ဓာတ်အားခန့်မှန်းထားများ ပြင်ဆင်သတ်မှတ်**

စာမျက်နှာ » ၅

**ဝဂ်ဘော်ဆင်စခန်းတွင် ပထမဆုံးအကြိမ်အဖြစ် အသက် ၂၁ နှစ်အရွယ် ဆင်မမှ ဆင်အမြွှာ မွေးဖွားခဲ့ပြီး ကျန်းမာရေး ကောင်းမွန်**

စာမျက်နှာ » ၁၁



**ရာဇာမင်း ခရီးသည်ပို့ဆောင်ရေးက EV Express ယာဉ်များဖြင့် ပြေးဆွဲမည်**

စာမျက်နှာ » ၉

ကြေးမုံ

# အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ထုတ်ဖော်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မြင့်မားသောနိုင်ငံဖြစ်သည်။ နှစ်လိုဖွယ်ရာကောင်းသည့် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာများကို ရှေးနှစ်ပေါင်းများစွာကာလကတည်းက ယနေ့ထက်တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လျက်ရှိသည်။ မြင့်မားသောယဉ်ကျေးမှုအစဉ်အလာများဖြင့် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

အမိပြည်ထောင်စုမြေပေါ်တွင် နေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် အစဉ်အလာကြီးမားပြီး ဂုဏ်ရှိန်မြင့်မားခဲ့သော နန်းမှုနန်းဟန် ယဉ်ကျေးမှုအစဉ်အလာများသာမက သွေးချင်းသားရင်းတို့၏ ဇာစ်မြစ်၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအစဉ်အလာများကို သိရှိထားရန်လိုအပ်သည်။ ယဉ်ကျေးမှုသည် အလွန်အရေးပါသည့် လူမှုဆက်ဆံရေးပညာရပ်ဖြစ်သည်။ အိမ်သားအချင်းချင်းသည်လည်းကောင်း၊ အိမ်နီးနားချင်း အချင်းချင်းသည်လည်းကောင်း တစ်ဦး၏စရိုက်၊ တစ်ဦး၏ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို သိရှိနားလည်ထားပါမှ လူမှုဆက်ဆံရေးပြေပြစ်ပြီး ရင်းနှီးချစ်ကြည်မှုများ တိုးပွားလာစေမည်ဖြစ်သည်။

ရိုးရာယဉ်ကျေးမှုသည် ရင်းနှီးချစ်ကြည်စည်းလုံးမှုကိုဖြစ်စေသည့် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောနိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ယဉ်ကျေးမှုစံကို သိလိုသော် ထိုလူမျိုးတို့ဖန်တီးခဲ့သည့် ဓလေ့စရိုက်များကိုကြည့်၍ အကဲဖြတ်နိုင်သည်။ ယနေ့ဖန်တီးခဲ့သော ကောင်းမြတ်သည့် ယဉ်ကျေးမှုအစဉ်အလာများသည် နောင်တစ်ခေတ်တွင် သမိုင်းအမွေအနှစ် မြတ်နိုးစရာများဖြစ်လာသည်။ အတိတ်သမိုင်းက ဖန်တီးခဲ့သည့် ယဉ်ကျေးမှုအစဉ်အလာများသည် မျက်မှောက်ကာလတွင် တန်ဖိုးထားဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးစံများဖြစ်လာသည်။

မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ မတိမ်ကောသေးကြောင်း၊ ရှင်သန်ထွန်းကားနေဆဲဖြစ်ကြောင်း၊ မြတ်နိုးတွယ်တာ ဂုဏ်ယူစရာများအဖြစ်ရှိနေဆဲဖြစ်ကြောင်းကို သက်သေထူပြနိုင်သည့် အခင်းအကျင်းတစ်ရပ်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဖြစ်သည်။ ခေတ်မီနည်းပညာများစဉ်ဆက်မပြတ်ထွန်းကားနေသော မျက်မှောက်ကာလတွင် ခေတ်ပေါ်ယဉ်ကျေးမှုလမ်းကြောင်းပေါ်တွင် လိုက်ပါစီးမျောကြရသည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် အရိုးကိုအရွက်မဖုံးစေဘဲ ပြောင်းလဲလိုက်ပါစီးမျောကြဖို့လိုမည်ဖြစ်သည်။ အစဉ်အလာယဉ်ကျေးမှုတို့ကို ဖျောက်ဖျက်မေ့လျော့မပြစ်ဘဲ လိုက်ပါကြဖို့လိုမည်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်နိုင်သည်ကို သတိပြုဖို့လိုမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း ပြန်လည်ဖော်ထုတ်မြှင့်တင်ပေးနေသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစတင်၍ ပြန်လည်ဖော်ထုတ်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၂၂ နှစ် (၂၂)ကြိမ်တိုင်တိုင် နှစ်စဉ်မပျက် ကျင်းပပေးနိုင်ခဲ့၍ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြသူတို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်မှာ အမှန်ဖြစ်သည်။ သို့သော် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်ကြာအောင် မကျင်းပနိုင်ခဲ့သဖြင့် မြန်မာ့ယဉ်ကျေးမှု ကွက်လပ်ဖြစ်ခဲ့သည်။ မကျင်းပဖြစ်ခဲ့သည့်ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များနှင့် ကင်းကွာမှုဖြစ်ခဲ့သလို သမ္မာရင့်၊ ဝါရင့် သက်ကြီးအနုပညာရှင်အချို့ တိမ်းပါးသွားခဲ့ရသည်မှာလည်း ဝမ်းနည်းစရာဖြစ်သည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြန်လည်ဖော်ထုတ်ပေးနိုင်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

၂၀၂၃ ခုနှစ်တွင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်၌ ခမ်းနားသိုက်မြိုက်ထည်ဝါစွာဖြင့် ကျင်းပပေးနိုင်ခဲ့သည်။ ယခု ၂၀၂၄ ခုနှစ်တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ခမ်းနားထည်ဝါအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်ပြိုင်ပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားတက်သရောယှဉ်ပြိုင်နေကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ဗဟိုအဆင့်သို့ တက်လှမ်းယှဉ်ပြိုင်နိုင်ရန် ကြိုးစားနေကြပြီဖြစ်ရာ ပြိုင်ပွဲဝင်အနုပညာရှင်များအား လှိုက်လှိုက်လှဲလှဲ အားပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတို့၏ အစဉ်အလာကြီးမားသော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ် မြှင့်တင်ထိန်းသိမ်းလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားစေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

နေပြည်တော် ဩဂုတ် ၂၉

မြန်မာနိုင်ငံသည် ILO နှင့်ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား(National Complaint Mechanism–NCM)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇- ၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

တောင်ကြီး ဩဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်သမဝါယမဌာနရုံးခန်းမ၌ ကျင်းပရာ သဘာပတိ အသင်းစုဥက္ကဋ္ဌ ဦးစိုင်းလှမြင့်က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမအသင်းစုအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။ အစည်းအဝေးဒုတိယပိုင်းတွင် မြို့နယ်သမဝါယမအသင်းစု၏ အသင်းအမှုဆောင်ဒါရိုက်တာ ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးတင့်က ဆောင်ရွက်ပြီး အမှုဆောင်အသစ်များကို ရွေးချယ်၍ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG Rising R7 (Standard) နှင့် MG Rising F7 (Luxury) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉-၈-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၂၄၅ | ၂,၁၈၀,၅၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၁,၅၉၄ | ၅,၅၈၁,၂၅၀ |
| MCB | ၈,၉၀၀ | ၈,၉၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၄ | ၇,၂၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၉၅၇ | ၂,၆၇၉,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁,၉၇၇ | ၃,၃၆၆,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၁၇ | ၉၉၈,၂၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၉၉၆ | ၃,၃၃၇,၁၀၀ |
| MADPL(PLB) | ၃၆,၀၀၀ | ၃၆,၀၀၀ | ၉၈ | ၃,၅၂၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄ /၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄ /၂၀၂၄)**
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် ၃၉ တွင်ပါရှိသော “ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့်” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဈ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

☆ ရှေ့ဖုံးမှ

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် **“အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ် လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်၊ တစ်နည်းအားဖြင့် အားကစားသည် လူသားထု တစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စုလူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန် ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဟု သိရှိရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်း တစ်ရပ်အဖြစ် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်”**ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း။

**ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးပေး**

ပဉ္စမအကြိမ် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဆိုပါ ထူးချွန်အားကစားသမားများကို ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးပေးရန်လိုကြောင်း၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစား ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း။

**☆ အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများ အပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့**

**☆ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်**

အမျိုးသားအားကစားပွဲတော် ကျင်းပရန် သုံးလဝန်းကျင်ခန့် အချိန်ရရှိသေးသော်လည်း ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်မျှော်မှန်း ဆောင်ရွက်ထားရန်နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ၊ အခမ်းအနားများ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲပွဲစဉ်တစ်လျှောက် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့် စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထူးချွန်အောင်မြင်စွာ ထွက်ပေါ်လာမည့် အားကစားသမားများကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများ လက်ထက်တွင်လည်း ထူးချွန်အောင်မြင်ခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိကြောင်း။

**ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေး**

ထိုသို့ ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများ အပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများကို အခမ်းအနားများ ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဩဂုတ် ၁၂ ရက်တွင် ကျင်းပခဲ့သည့် “၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့” အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် လူမှုရေး ဦးတည်ချက် (၃)ရပ်တွင် **“နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဟု ထည့်သွင်းချမှတ်ထားရှိပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း။

ထို့ပြင် ယနေ့လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်တိုင်း ကျန်းမာကြံ့ခိုင်အောင် အားကစားနည်း တစ်မျိုးမျိုးကို လေ့လာလိုက်စားစေပြီး အဆိုပါလူငယ်များထဲမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရေးသည် အလေးထားဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို အသိပေးမှာကြားလိုသည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ မှာကြားချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် မှတ်သားပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**အသက်တိကျမှန်ကန်ရေး**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အသက်တိကျမှန်ကန်ရေးနှင့် ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ E-id Software အသုံးပြုစစ်ဆေးပေးရန်လိုကြောင်း၊ ယခင်က မိမိဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အောင်နိုင်လိုစိတ်ဖြင့် အသက်ကန့်သတ်ချက်များအား ကျော်လွှားဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ သို့ဖြစ်၍ အသက်တိကျမှန်ကန်ရေးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် တားမြစ်ဆေးဝါးသုံးစွဲပြီး ယှဉ်ပြိုင်ခြင်းမရှိစေရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးပညာရှင်များနှင့် သေချာစွာကြပ်မတ်စစ်ဆေးမှသာ မှန်ကန်မျှတသည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ❖ ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

### ရှင်းလင်းတင်ပြ

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

### ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့တွင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ



## ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနား ဖွင့်လှစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

ပဲခူး ဩဂုတ် ၂၉

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့တက်ရောက် ချီးမြှင့်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

### ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကာ ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်း ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ကရင်တိုင်းရင်းသား ဘာသာစာပေသင် ဆရာမတစ်ဦးက ရှင်းလင်းပြောကြားသည်။

### ကပြဖျော်ဖြေတင်ဆက်

ယင်းနောက်သရက်ကုန်း၊ညောင်အင်း၊ ပျဉ်းမငူကျေးရွာများမှ ကရင်တိုင်းရင်းသား/တိုင်းရင်းသူများက ဖဲကြိုးကျစ်အကနှင့် ကရင်ရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဦးဆောင်၍ ကရင်လူငယ်မောင်မယ်များက ကရင်အမျိုးသားအလံနှင့် လက်ချည်ဖွဲ့မည့် ပစ္စည်းများကို သတ်မှတ်နေရာများသို့ သယ်ဆောင်ခြင်း၊ ဘိုးဘွားများ နေရာယူခြင်းတို့ ဆောင်ရွက်ကြသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများအား ချည်ဖြူဖွဲ့ပေးကြပြီး ကရင်အဘိုးအဘွားများအတွက် ထောက်ပံ့ငွေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေအား ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ညောင်လေးပင်ခရိုင်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးစောလင်းအောင်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်
ပြည်သူသို့ အသိပေးကြေညာခြင်း
လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ တည်ငြိမ်သောလျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်မြင့်မားလာပါသဖြင့် ဓာတ်အားခနှုန်းထားများအား ပြင်ဆင်သတ်မှတ်ရန် လိုအပ်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)၏ သဘောတူညီချက်အရ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်-

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာ အဆောက်အအုံ] | ၁ မှ ၅၀ ယူနစ်ထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်ထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်ထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့်အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] | ၁ မှ ၅,၀၀၀ ယူနစ်ထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်ထိ | ၄၀၀ |
| | | ၂၀,၀၀၁ ယူနစ်နှင့် အထက် | ၅၀၀ |

၃။ ယခုပြင်ဆင်သတ်မှတ်လိုက်သော ဓာတ်အားခနှုန်းထားများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့်ဆောင်ရွက်မည့် သစ်အခြေခံ ပရိဘောဂသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် သစ်အခြေခံ ပရိဘောဂသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ကြက်သွန်ခင်းကျေးရွာ၌ ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်သည့်အတွက် သင်တန်းက သင်ကြားပို့ချပေးလိုက်သည့် သစ်အခြေခံ ပရိဘောဂနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာသင်ယူကာ ဒေသတွင်းပေါ်များစွာ ထွက်ရှိသည့်သစ်များကို အခြေခံ၍ စံချိန်မီတန်ဖိုးရှိ ပရိဘောဂပစ္စည်းများ ထုတ်လုပ်နိုင်ပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားပြီးသင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၆ ဦးဖြင့် တစ်လကြာ ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာသုံးရွာ အိမ်ခြေ ၉၈၈ အိမ်၊ လူဦးရေ ၄၀၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် သဲကောလေး- ဝဲကြီးကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစု ကျေးရွာအုပ်စုရုံးတောကျေးရွာသို့ ရောက်ရှိပြီး ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် စိုက်ပျိုးမြေများပေါ်တွင် ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် Myanmar Uni-Semi ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ မိုးကြိုဝါနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးပါက အကျိုးအမြတ်ရရှိမှုများကိုအသင်းသား တောင်သူများအား ခွဲဝေဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာသို့ သွားရောက်ကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတက္ကသိုလ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေးဟောပြော

မကွေး ဩဂုတ် ၂၉

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၈ ရက်တွင် မကွေးတက္ကသိုလ် စာသင်ခန်းမဆောင်သစ်၌ ကျင်းပသည်။



ဟောပြောပွဲတွင် မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦးက အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ ဒေါက်တာနှင်းအိအိကြိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းနှင့် ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်ဆွေဦးက ရွေးကောက်ပွဲ ကော်မရှင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ရမည်းသင်းမြို့နယ်၌ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေများ ရှင်းလင်း

ရမည်းသင်း ဩဂုတ် ၂၉

ရမည်းသင်း မြို့နယ်အတွင်းရှိ လူမှုကူညီရေးအသင်းအဖွဲ့များ စနစ်တကျ မှတ်ပုံတင်ရန်အတွက် ဥပဒေများရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရမည်းသင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ သင်းရတနာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လူမှုရေးအသင်းအဖွဲ့များ စနစ်တကျ ရက်သတ္တတစ်ပတ်အတွင်း မှတ်ပုံတင်ရန် အချက်အလက်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက အသင်းအဖွဲ့များ ဥပဒေဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **၁၄၄**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ်
## (ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး၊ စူပါဆိုင်ကလုန်း)

ကိုကိုလှိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးကို Two Begums' War (ဘွားတော်ကြီးနှစ်ဦး၏ စစ်ပွဲ)ဟု နိုင်ငံတကာရေးရာ လေ့လာသူများက ဝိဂြိုဟ်ပြုလေ့ရှိကြသည်။ ဤအဆိုသည်လည်း မမှားပါ။ ၁၉၇၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပေါ်ပေါက်လာပြီး နောက်ပိုင်း အဓိကနိုင်ငံခေါင်းဆောင် ငါးဦးသာရှိခဲ့ရာ ရှိတ်မူဂျီဘူရာမန်၊ ဗိုလ်ချုပ်ကြီး ဇီယာရာမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဟူစိန် မိုဟာမက် အာရှတ်၊ ဘီဂမ်ခါလီဒါဇီယာ (ဗိုလ်ချုပ်ကြီး ဇီယာရာမန်၏ဇနီး)နှင့် ဘီဂမ်ရှိတ်ဟာဆီနာ (ရှိတ်မူဂျီ ဘူရာမန်၏ သမီး) တို့ ဖြစ်ကြသည်။ ရှိတ်မူဂျီ ဘူရာမန်မှာ ၁၉၇၅ ခုနှစ်တွင် လုပ်ကြံခံခဲ့ရပြီး ဗိုလ်ချုပ်ကြီး ဇီယာရာမန်မှာ ၁၉၈၁ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။ ယင်းနောက် ဆက်ခံသည့် ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်မှာ ၁၉၉၀ ပြည့်နှစ်တွင် အတိုက်အခံနိုင်ငံရေးပါတီများ၏ အုံကြွဆန့်ကျင်မှုကြောင့် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

ထိုမှနောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုဖြစ်သော ခါလီဒါဇီယာ ဦးဆောင်သည့် BNP ပါတီနှင့် ရှိတ်ဟာဆီနာ ဦးဆောင်သည့် အဝါမီလိဂ်ပါတီတို့ကသာ အားပြိုင်နေခဲ့ကြကာ တစ်လှည့်စီ အာဏာရနေခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီဟုဆိုသော်လည်း တစ်ပါတီ အာဏာရလျှင် အတိုက်အခံပါတီက လွှတ်တော်မတက်ဘဲ သပိတ်မှောက်သည်။ ရွေးကောက်ပွဲလုပ်သည့်အခါ တစ်ဖက်နှင့်တစ်ဖက် လုံးဝမယုံကြည်သဖြင့် သမ္မတက ကြားဖြတ်အစိုးရဖွဲ့ကာ ရွေးကောက်ပွဲလုပ်ပေးရသည်။

**❛ ရှိတ်ဟာဆီနာနှင့် အဝါမီလိဂ်ပါတီ ခေါင်းဆောင်များကလည်း အနောက်နိုင်ငံများ၏ ဖိအားပေးမှုကို ခေါင်းငုံ့မခံဘဲ တုံ့ပြန်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်လွှတ်တော်၌ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မိန့်ခွန်းပြောကြားခဲ့ရာတွင် အမေရိကန်နိုင်ငံကို တဲ့တိုးပင် ဖော်ထုတ်၍ ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ ရှိတ်ဟာဆီနာက အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်တွင် ဒီမိုကရေစီကို ဆိတ်သုဉ်းအောင်ပြုလုပ်နေပြီး ဒီမိုကရေစီမကျင့်သုံးသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာစေရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲခဲ့သည်။ အမေရိကန်သည် ဒီမိုကရေစီစံနှုန်းများအား အတ္တလန္တိတ်သမုဒ္ဒရာကို ကျော်လွန်၍ ကျင့်သုံးမှုမရှိ (ပြည်ပနိုင်ငံများတွင် ဒီမိုကရေစီကို ဘေးချိတ်ထားကာ ဝင်ရောက်စွက်ဖက်သည်) ဟု ဆိုခဲ့သည်။ "သူတို့က ဘယ်နိုင်ငံက အစိုးရကိုမဆို ဖြုတ်ချနိုင်တယ်။ အထူးသဖြင့် မွတ်စလင်နိုင်ငံတွေကတော့ ပိုပြီးဆိုးတာပေါ့"ဟု ဟာဆီနာက ပြောကြားခဲ့ ❜**

ခါလီဒါဇီယာ၏ ပါတီက ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အာဏာရခဲ့ပြီး ရှိတ်ဟာဆီနာက ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အာဏာရခဲ့သည်။ တစ်ဖန် ခါလီဒါဇီယာက ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အာဏာရခဲ့ပြီး နိုင်ငံရေးမတည်ငြိမ်သဖြင့် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ် နှစ်စပိုင်းအထိ ကြားဖြတ်အစိုးရများက အုပ်ချုပ်ခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ရှိတ်ဟာဆီနာ၏ပါတီ ရွေးကောက်ပွဲအနိုင်ရပြီးသည့် နောက်ပိုင်းမှစ၍ ခါလီဒါဇီယာ၏ပါတီမှာ ခေါင်းမထောင်နိုင်တော့ပေ။ ကြားဖြတ်အစိုးရက ရွေးကောက်ပွဲလုပ်ပေးရသည့် အခြေခံဥပဒေပြဋ္ဌာန်းချက်ကို ၂၀၁၁ ခုနှစ်တွင် အဝါမီလိဂ်ပါတီက ပယ်ဖျက်လိုက်သည့်နောက်ပိုင်း ၂၀၁၄ ခုနှစ်တွင် BNP ပါတီက ရွေးကောက်ပွဲမဝင်ဘဲ သပိတ်မှောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် BNP ပါတီက ရွေးကောက်ပွဲဝင်ခဲ့သော်လည်း မရှုမလှအရေးနိမ့်ခဲ့သည်။ BNP ပါတီက ရွေးကောက်ပွဲတွင် မဲမသမာမှုအလွန်များပြားကြောင်း စွပ်စွဲခဲ့သည်။ ၂၀၂၄ ရွေးကောက်ပွဲ၌ BNP ပါတီက ရွေးကောက်ပွဲမဝင်ဘဲ သပိတ်မှောက်ခဲ့ပြန်သည်။

ဤသို့ဖြင့် ဘင်္ဂလားဒေ့ရှ်၏ နှစ်ပါတီနိုင်ငံရေးဘတစ်ပြန်၊ ကျားတစ်ပြန်အုပ်စီးမှု (Duopoly) မှာ အာဏာရပါတီက လွှတ်တော်၌ တစ်ဖက်သတ်အုပ်စီးထားချိန်တွင် အတိုက်အခံပါတီက လွှတ်တော်ကို သပိတ်မှောက်၊ ရွေးကောက်ပွဲကို သပိတ်မှောက်၊ တစ်နိုင်ငံလုံး အိမ်ထဲမှ အပြင်မထွက်ရဟု အတင်းအကျပ် အကြမ်းဖက်ပိတ်ဆို့သည့် ဟာတားလ် (Hatel)ခေါ် အထွေထွေသပိတ်ပြုလုပ် စသည်ဖြင့် ရွေးကောက်ပွဲပြင်ပ လူအုပ်စုနိုင်ငံရေးပြုလုပ်ကာ နိုင်ငံရေးတည်ငြိမ်မှုကင်းမဲ့နေခဲ့သည်။ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားစသည့် လူ့အဖွဲ့အစည်းအသီးသီးတွင် နိုင်ငံရေးပါတီအလိုက် အသင်းအပင်းများ ဖွဲ့စည်းကာ အချင်းချင်း တိုက်ခိုက်နေခဲ့ကြသည်။

အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင်လက်နက်ခဲယမ်းများ ရောယှက်ပါဝင်လာသောအခါ တက္ကသိုလ်ကျောင်းဝင်းများအတွင်း ကျောင်းသားအဆောင် တစ်ဆောင်နှင့် တစ်ဆောင် လက်နက်ငယ်များနှင့်ပစ်ခတ်၍ တိုက်ပွဲဖြစ်ပွားသည်အထိ ဖြစ်ခဲ့သည်။ နိုင်ငံရေးပါတီများ၏ လူထုစည်းဝေးပွဲများတွင် ဗုံးဖောက်ခွဲမှု၊ ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှု စသည့် နိုင်ငံရေးအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ ရှိတ်ဟာဆီနာ ကိုယ်တိုင်ပင်လျှင် အတိုက်အခံခေါင်းဆောင်ဘဝက ၂၀၀၄ ခုနှစ်တွင် လူထုစည်းဝေးပွဲတစ်ခု၌ လက်ပစ်ဗုံးဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရဖူးပြီး အသက်ဘေးမှ သီသီလေးလွတ်ခဲ့ရဖူးသည်။ ထိုအချိန်မှစ၍ ရှိတ်ဟာဆီနာနှင့် ခါလီဒါဇီယာတို့မှာ ကမ္ဘာကြေသော်လည်း ရန်ငြိုးမပြေသည့် ကမ္ဘာ့ရန်များ ဖြစ်သွားခဲ့ကြရလေသည်။

၂၀၀၉ ခုနှစ်နောက်ပိုင်း ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီ ဆက်တိုက် အာဏာကို ကိုင်စွဲထားနိုင်ခဲ့သောအခါ အတိုက်အခံပါတီများနှင့် ဘာသာရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများကို အင်အားသုံး၍ ဖိနှိပ်ချေမှုန်းခြင်းဖြင့် နိုင်ငံရေးတည်ငြိမ်မှုကို အကြမ်းနည်းဖြင့် တည်ဆောက်ခဲ့သည်။ အခြားတစ်ဖက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

အကျိုးဆက်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးမှာ ရှိတ်ဟာဆီနာ၏ လက်ထက်တွင် သိသိသာသာတိုးတက်ခဲ့သည်။ ရှိတ်ဟာဆီနာ စတင်တာဝန်ယူသည့် ၂၀၀၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဂျီဒီပီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၅ ဘီလီယံသာရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်သို့ ရောက်သောအခါ ၄၃၇ ဒသမ ၄၂ ဘီလီယံရှိလာခဲ့ပြီး လေးဆကျော်ဖြစ်လာခဲ့သည်။ တစ်ဦးချင်းဝင်ငွေမှာ ၂၀၀၉ ခုနှစ်တွင် ၆၉၈ ဒသမ ၅ ဒေါ်လာရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၂၆၈၈ ဒေါ်လာသို့ ရောက်ရှိလာခဲ့သည်။ ထိုသို့ အထင်ကြီးလေးစားလောက်ဖွယ် အောင်မြင်မှုများ ရရှိလာသည်နှင့်အမျှ ရှိတ်ဟာဆီနာက "ဘင်္ဂလားဒေ့ရှ်၏ ၂၀၄၁ မျှော်မှန်းချက်" (Bangladesh Vision 2041) ဆိုသည်ကို ထုတ်ဖော်လာခဲ့သည်။ အဆိုပါ မျှော်မှန်းချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်အမြင့်ပိုင်း ဝင်ငွေရှိသည့်နိုင်ငံ (တစ်ဦးကျဝင်ငွေ ဒေါ်လာ ၅၇၀၀)၊ ၂၀၄၁ ခုနှစ်တွင် ဖွံ့ဖြိုးပြီးဝင်ငွေမြင့်မားသည့်နိုင်ငံ (တစ်ဦးကျဝင်ငွေ ဒေါ်လာ ၁၂၅၀၀)အဖြစ် ရောက်ရှိလာစေရန် မျှော်မှန်းခဲ့ခြင်းဖြစ်သည်။

အခြေခံအဆောက်အအုံ အပိုင်းတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခင်က မမြင်ဖူး မကြားဖူးသည့် မြစ်ကူးတံတားကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ ဒါကာ-စစ်တကောင်းမြန်နှုန်းမြင့် ရထားလမ်း၊ ဒါကာမြို့ပတ်မြေအောက်ရထားလမ်း စသည်တို့ကို (တရုတ်နိုင်ငံ၏ ချေးငွေနှင့် နည်းပညာအကူအညီဖြင့်) တည်ဆောက်ခဲ့သည်။ စွမ်းအင်အပိုင်းတွင်လည်း ဒါကာအနောက်မြောက်ဘက် ရုပ္ပူးဒေသ၌ စက်ရုံတစ်ရုံလျှင် ၁၂၀၀ မဂ္ဂါဝပ် စွမ်းအားရှိ နျူကလီးယား စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ နှစ်ရုံကို (ရုရှားနည်းပညာဖြင့်) တည်ဆောက်ခဲ့သည်။

ဝန်ကြီးချုပ်ရှိတ်ဟာဆီနာ၏ တတိယသက်တမ်း (၂၀၁၉-၂၀၂၃) ကုန်ဆုံးလုနီးကာလ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အနေအထားမှာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတွင်လည်း ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးနှင့် အမြင့်ဆုံးနိုင်ငံတစ်ခု ဖြစ်နေသကဲ့သို့ နိုင်ငံရေးအပိုင်းတွင်လည်း အတိုက်အခံမှန်သမျှကို ခေါင်းမထောင်နိုင်အောင် နှိပ်ကွပ်ထားမှုကြောင့် အတော်ပင် တည်ငြိမ်နေပြီဖြစ်သည်။ အကြမ်းဖက်အုပ်စုများကိုလည်း RAB (Rapid Action Battalion) အထူးတပ်ဖွဲ့ဖြင့် ပိုက်စိပ်တိုက် နှိမ်နင်းခဲ့သဖြင့် အကြမ်းဖက်ခေါင်းဆောင်အများစုမှာ သေသူသေ၊ ထောင်ကျသူကျ၊ တောထဲတောင်ထဲသို့ ထွက်ပြေးသူပြေးဖြင့် အင်အားပြိုကွဲလျက်ရှိသည်။ ဝန်ကြီးချုပ်ရှိတ်ဟာဆီနာအပေါ် လူထု၏ ထောက်ခံမှုမှာလည်း လူထုသဘောထား စစ်တမ်းများအရ ၇၀ ရာခိုင်နှုန်းရှိနေရာ ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် သပိတ်ဝင်အိတ်ဝင် အနိုင်ရမည့် အခြေအနေဟု ဆိုနိုင်လေသည်။

သို့တိုင်အောင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲ၌ အနိုင်ရပြီး ရှစ်လအကြာတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ချက်ပြီး ထမင်းဟင်းများကိုပင် မစားလိုက်ရဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် နိုင်ငံမှ ထွက်ခွာသွားခဲ့ရသည့်အဖြစ်မှာ မယုံနိုင်လောက်အောင်ပင် ဆန်းကြယ်လွန်းလှသည်။ အဘယ်အကြောင်းတရားများကြောင့် ထိုသို့ဖြစ်ခဲ့ရပါသနည်း။

### အတိုက်အခံတို့၏ နည်းဗျူဟာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို **"ဇီကုပ်၍ နတ်ပြည်တင်"** လိုသည့် ရှိတ်ဟာဆီနာ၏ စီမံကိန်းမှာ ခြောက်ပစ်ကင်း သဲလဲစင် အောင်မြင်သည်တော့မဟုတ်ပေ။ နှစ်ရှည်လများ နှိပ်ကွပ်ခံခဲ့ကြရသည့် အတိုက်အခံများက ရှိတ်ဟာဆီနာနှင့် အဝါမီလိဂ်ပါတီကို ဆတ်ဆတ်ခါအောင် နာကြည်းခဲ့ကြသည်။ ၂၀၂၄ ရွေးကောက်ပွဲနီးကပ်လာချိန်၌ အတိုက်အခံတို့၏ နိုင်ငံရေးနည်းဗျူဟာမှာ ပြည်တွင်းလွှတ်တော်နိုင်ငံရေး၌ အဝါမီလိဂ်ပါတီကို မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်သဖြင့် လွှတ်တော်ပြင်ပ လူထုအုံကြွ ဆန့်ကျင်လှုပ်ရှားမှုဖြင့် ရှိတ်ဟာဆီနာအစိုးရကို ဖြုတ်ချရန်၊ နိုင်ငံတကာနယ်ပယ်တွင် အဝါမီလိဂ်ပါတီ၏ လူ့အခွင့်အရေးဖောက်ဖျက်မှု၊ ရွေးကောက်ပွဲမသမာမှုနှင့် ဒီမိုကရေစီကိုဆန့်ကျင်၍ အတိုက်အခံများအား အဓမ္မဖိနှိပ်မှုများကို အကြောင်းပြု၍ နိုင်ငံတကာဒီမိုကရေစီ ဦးဆောင်နိုင်ငံများ (အနောက်နိုင်ငံများ) နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံ ချဉ်းကပ်ကာ ရှိတ်ဟာဆီနာအစိုးရကို ဖိအားပေးစေရန်ဟူသည့် နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ရန်ဖြစ်လေသည်။

ရွေးကောက်ပွဲမတိုင်မီကာလ လူထုအုံကြွဆန့်ကျင်မှုနည်းလမ်းမှာမူ များစွာမအောင်မြင်လှပေ။ အဓိကအကြောင်းရင်းမှာ အတိုက်အခံ BNP ၏ ခေါင်းဆောင်ပိုင်းအားလုံးလိုလိုမှာ လှုပ်မရအောင် ဖိနှိပ်ခံထားရသဖြင့် ဦးဆောင်မှုကင်းမဲ့နေခြင်းကြောင့်ဖြစ်၏။ BNP ပါတီဥက္ကဋ္ဌ ခါလီဒါဇီယာမှာ အဂတိလိုက်စားမှုဖြင့် ပြစ်ဒဏ်ကျနေပြီး ကျန်းမာရေးလည်း အကြီးအကျယ်ချို့ယွင်းကာ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ နှလုံးရောဂါပေါင်းစုံဖြင့် အိပ်ရာထဲ၌ လဲနေသည်။ ခါလီဒါဇီယာ၏သား တာရစ်ရာမန်မှာလည်း အဂတိလိုက်စားမှုဖြင့် မျက်ကွယ်တွင် တရားစီရင်ပြစ်ဒဏ်ချခံထားရကာ ဗြိတိန်နိုင်ငံတွင် တိမ်းရှောင်နေရသည်။

စာမျက်နှာ ၇ သို့ ☆




အဝါမီလိဂ်ပါတီခေါင်းဆောင် ရှိတ်ဟာဆီနာနှင့် BNP ခေါင်းဆောင် ခါလီဒါဇီယာ။

☆ စာမျက်နှာ ၆ မှ

အခြား ထိပ်တန်းပါတီခေါင်းဆောင်များနှင့် အလယ်အလတ်တန်း ခေါင်းဆောင်များမှာလည်း ရာနှင့်ချီ၍ ထိန်းသိမ်းခံထားရသည်။ ထို့ကြောင့် လူထုအုံကြွမှု ပြုလုပ်သော်လည်း မှန်းသလောက် လူမစုနိုင်သည့်အပြင် ရဲတပ်ဖွဲ့၏ အင်အားသုံး နှိမ်နင်းမှုကိုခံရသဖြင့် အရေးနိမ့်ခဲ့ရသည်။

လူ့အခွင့်အရေးနှင့်ပတ်သက်သည့် နိုင်ငံတကာဖိအားပေးရေးနည်းလမ်းမှာမူ အတော်အတန် အလုပ်ဖြစ်ခဲ့သည်ဟု ဆိုနိုင်သည်။ အမေရိကန် ဦးဆောင်သည့် အနောက်နိုင်ငံများက တရုတ်နှင့် ရုရှားနိုင်ငံတို့အပေါ် ပိုမိုမှီခိုလာသည့် ဘင်္ဂလားဒေ့ရှ်အစိုးရအား အမြင်မကြည်လင်တော့သည့် အလျောက် လူ့အခွင့်အရေးကို အကြောင်းပြကာ သံတမန်ရေးနှင့် နိုင်ငံရေးအရ လှည့်ပတ်၍ ပြဿနာရှာကာ ဖိအားပေးခဲ့သည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခဲ့သည်ဟု ကျော်စောသတင်းရှိသူများနှင့် အကြမ်းဖက်အုပ်စုများအား နှိမ်နင်းရာတွင် အလွန်အကျွံ အင်အားသုံးသည်ဟု စွပ်စွဲခံရသည့် RABအထူးတပ်ဖွဲ့ခေါင်းဆောင်များကို အမေရိကန်သို့ ပြည်ဝင်ခွင့်ဗီဇာ ရုပ်သိမ်းခဲ့သည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်၌ ကျင်းပသည့် ဒီမိုကရေစီနိုင်ငံများ ထိပ်သီးညီလာခံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မဖိတ်ကြားဘဲ ဖယ်ကြဉ်ထားခဲ့သည်။ အမေရိကန်ထိပ်တန်းအရာရှိများကို စေလွှတ်၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အလေးမထားလျှင် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို လျှော့ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။

ရှိတ်ဟာဆီနာနှင့် အဝါမီလိဂ်ပါတီ ခေါင်းဆောင်များကလည်း အနောက်နိုင်ငံများ၏ ဖိအားပေးမှုကို ခေါင်းငုံ့မခံဘဲ တုံ့ပြန်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်လွှတ်တော်၌ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မိန့်ခွန်းပြောကြားခဲ့ရာတွင် အမေရိကန်နိုင်ငံကို တဲ့တိုးပင် ဖော်ထုတ်၍ ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ ရှိတ်ဟာဆီနာက အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်တွင် ဒီမိုကရေစီကို ဆိတ်သုဉ်းအောင်ပြုလုပ်နေပြီး ဒီမိုကရေစီမကျင့်သုံးသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာစေရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲခဲ့သည်။ အမေရိကန်သည် ဒီမိုကရေစီစံနှုန်းများအား အတ္တလန္တိတ်သမုဒ္ဒရာကို ကျော်လွန်၍ ကျင့်သုံးမှုမရှိ (ပြည်ပနိုင်ငံများတွင် ဒီမိုကရေစီကို ဘေးချိတ်ထားကာ ဝင်ရောက်စွက်ဖက်သည်) ဟု ဆိုခဲ့သည်။ **“သူတို့က ဘယ်နိုင်ငံက အစိုးရကိုမဆို ဖြုတ်ချနိုင်တယ်။ အထူးသဖြင့် မွတ်စလင်နိုင်ငံတွေကတော့ ပိုပြီးဆိုးတာပေါ့”**ဟု ဟာဆီနာက ပြောကြားခဲ့သည်။

အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများက ရှိတ်ဟာဆီနာ၏ အာဏာရပါတီကို တစ်ဖက်က ဖိအားပေးခဲ့သလို အခြားတစ်ဖက်တွင်လည်း အတိုက်အခံအုပ်စုများနှင့် ပိုမိုထိတွေ့ဆက်သွယ်လာခဲ့ရာ အဝါမီလိဂ်နှင့် အမေရိကန် ဆက်ဆံရေးမှာ



ပိုမိုတင်းမာလာခဲ့လေသည်။

## ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲနှင့် နောက်ဆက်တွဲ ဖြစ်ရပ်များ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် အဓိက အတိုက်အခံ BNP ပါတီက ၄၈ နာရီ ပြည်လုံးကျွတ် သပိတ်မှောက်ကြရန် လှုံ့ဆော်နေသည့်အကြားမှ ဇန်နဝါရီလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသူ ၁၁၉ သန်းအနက်မှ သန်း ၅၀ ကျော် လာရောက်မဲပေးခဲ့ကြပြီး ဆန္ဒမဲပေးသူ ရာခိုင်နှုန်းမှာ ၄၁ ရာခိုင်နှုန်းကျော်ဖြစ်သည်ဟုဆိုသည်။ လွှတ်တော်တစ်ရပ်တည်းသာရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွေးကောက်ခံအမတ်နေရာ ၃၀၀ ရှိသည့်အနက် ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီက ၂၂၄ နေရာ (၇၄ ဒသမ ၆ ရာခိုင်နှုန်း)အနိုင်ရရှိသည်။ အာဏာထူထောင်ခဲ့သည့် ဂျာတီယပါတီက ၁၃ နေရာ၊ ပါတီငယ်သုံးခုက သုံးနေရာနှင့် အဝါမီလိဂ်နှင့် နီးစပ်သော တစ်သီးပုဂ္ဂလများက ၆၂ နေရာရရှိသည်ဟု ဆိုသည်။ အဓိကအတိုက်အခံပါတီများဖြစ်သော BNP နှင့် ဂျမ္မတ်အီ အစ္စလာမီပါတီတို့က ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အစိုးရအဖွဲ့သစ်နှင့်အတူ အသက် ၇၆ နှစ်ရှိပြီဖြစ်သည့် ရှိတ်ဟာဆီနာသည် စတုတ္ထသက်တမ်းအတွက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အသက်အရွယ်အနေအထားအရ ဤသက်တမ်းသည် ရှိတ်ဟာဆီနာ၏ နိုင်ငံရေးဘဝတွင် နောက်ဆုံးတာဝန်ထမ်းဆောင်ခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။

သို့ရာတွင် အတိုက်အခံများနှင့် အဝါမီလိဂ်အစိုးရကို ဖြုတ်ချလိုသူ ပယောဂများကမူ ဤနောက်ဆုံး သက်တမ်းပြီးဆုံးသွားသည်အထိပင် စောင့်ဆိုင်းလိုဟန်မရှိပေ။ ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲအကြိုနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် နိုင်ငံရေးလှုပ်ရှားမှုများကို သိုသိပ်စွာ စတင်ခဲ့ကြသည်။

## ကျွဲလေးကောင်အကြားမှ မြေစာပင်ဘဝ

အင်အားကြီးအုပ်စုနှစ်ခု၏ အားပြိုင်မှုအကြားမှ နိုင်ငံငယ်တစ်ခု၏ဘဝကို ကျွဲနှစ်ကောင်ခတ်သည့်အကြားမှ မြေစာပင်နှင့် နှိုင်းကြသည်ဟုဆိုပါလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဖြစ်သနစ်မှာမူ **“ကျွဲလေးကောင်အကြားမှ မြေစာပင်”** ဟု ဆိုရဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့မဟာဗျူဟာ အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် အမေရိကန်တို့၏ အားပြိုင်မှုအကြား၌ လည်းကောင်း၊ တောင်အာရှ အင်အားကြီးနှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့၏ အားပြိုင်မှုအကြား၌ လည်းကောင်း ကျရောက်နေခဲ့ရသောကြောင့် ဖြစ်ပါသည်။

ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီအစိုးရမှာ နောက်ပိုင်းတွင် အိန္ဒိယ၊ တရုတ်တို့နှင့် ပိုမိုနီးကပ်စွာ ဆက်ဆံခဲ့သည်ကို တွေ့မြင်ရသည်။ အတိုက်အခံဖြစ်သော BNP နှင့် ဂျမ္မတ်အီ အစ္စလာမီပါတီတို့မှာ ပါကစ္စတန်နှင့် အနောက်အုပ်စုတို့နှင့် ပို၍ အလွမ်းသင့်သည်။

ရှိတ်ဟာဆီနာနှင့် အနောက်အုပ်စုတို့၏ သဘောထားကွဲပြားတင်းမာမှုမှာ ရွေးကောက်ပွဲလွန်ကာလတွင် ပို၍ထင်ရှား သိသာလာသည့်သဘောကို တွေ့မြင်ရပါသည်။ ၂၀၂၄ ခုနှစ် ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲရလဒ်ကို အိန္ဒိယ၊ တရုတ်နှင့် ရုရှားနိုင်ငံတို့က လျင်မြန်စွာ အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခဲ့ကြသော်လည်း၊ အမေရိကန်နှင့် ဗြိတိန်တို့ကမူ လွတ်လပ်၍ မျှတသောရွေးကောက်ပွဲ မဟုတ်ဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။

ရှိတ်ဟာဆီနာကလည်း အနောက်အုပ်စု၏ လျှို့ဝှက်ကြံစည်မှုကို ၂၀၂၄ ခုနှစ် မေလတွင် ထုတ်ဖော်ဖွင့်ချခဲ့သည်။ မေလ ၂၃ ရက်နေ့တွင် မဟာမိတ် ၁၄ ပါတီ တွေ့ဆုံသည့် အစည်းအဝေး၌ ရှိတ်ဟာဆီနာက **“ဘင်္ဂလားဒေ့ရှ် (စစ်တကောင်းဒေသ)နှင့် မြန်မာနိုင်ငံမှ နယ်မြေများ ပါဝင်သည့် အရှေ့တီမောကဲ့သို့ အလားတူ ခရစ်ယာန်နိုင်ငံသစ်တစ်ခုကို ဖန်တီးရန်အတွက် ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်ဒေသ၌ လေတပ်စခန်းတစ်ခု တည်ဆောက်ခွင့်ပေးရန် လူဖြူတစ်ဦးက ရွေးကောက်ပွဲမတိုင်မီကာလက မိမိထံလာရောက် ကမ်းလှမ်းခဲ့ကြောင်း၊ ဤကိစ္စကို သဘောတူပါက ရွေးကောက်ပွဲတွင် မည်သည့်အနှောင့်အယှက် အဟန့်အတားမျှမဖြစ်စေဘဲ အောင်မြင်စွာ ပြီးစီးစေရမည်ဟု အာမခံခဲ့ကြောင်း”** ပြောကြားခဲ့သည်။ **“ထိုကမ်းလှမ်းမှုကို မိမိက သဘောမတူ ပယ်ချခဲ့ခြင်းသည်ပင်လျှင် ထိုသူတို့အတွက် မိမိ၏ အကြီးဆုံးပြစ်မှုကြီး ဖြစ်သွားခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း ဒုက္ခပေးလာဖွယ်ရှိကြောင်း၊ သို့သော် မစိုးရိမ်ကြစေလိုကြောင်း”** လည်း ဟာဆီနာက ပြောကြားခဲ့သည်။

> **❛ ရှိတ်ဟာဆီနာကလည်း အနောက်အုပ်စု၏ လျှို့ဝှက်ကြံစည်မှုကို ၂၀၂၄ ခုနှစ် မေလတွင် ထုတ်ဖော်ဖွင့်ချခဲ့သည်။ မေလ ၂၃ ရက်နေ့တွင် မဟာမိတ် ၁၄ ပါတီ တွေ့ဆုံသည့် အစည်းအဝေး၌ ရှိတ်ဟာဆီနာက “ဘင်္ဂလားဒေ့ရှ် (စစ်တကောင်းဒေသ)နှင့် မြန်မာနိုင်ငံမှ နယ်မြေများ ပါဝင်သည့် အရှေ့တီမောကဲ့သို့ အလားတူ ခရစ်ယာန်နိုင်ငံသစ်တစ်ခုကို ဖန်တီးရန်အတွက် ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်ဒေသ၌ လေတပ်စခန်းတစ်ခု တည်ဆောက်ခွင့်ပေးရန် လူဖြူတစ်ဦးက ရွေးကောက်ပွဲမတိုင်မီကာလက မိမိထံ လာရောက်ကမ်းလှမ်းခဲ့ကြောင်း၊ ဤကိစ္စကို သဘောတူပါက ရွေးကောက်ပွဲတွင် မည်သည့်အနှောင့်အယှက် အဟန့်အတားမျှမဖြစ်စေဘဲ အောင်မြင်စွာ ပြီးစီးစေရမည်ဟု အာမခံခဲ့ကြောင်း” ပြောကြားခဲ့ ❜**

ရှိတ်ဟာဆီနာက လာရောက်ချဉ်းကပ်သူ လူဖြူသည် မည်သည့်နိုင်ငံမှဖြစ်ကြောင်း ဖော်ထုတ်ခဲ့ခြင်းမရှိသော်လည်း အဝါမီလိဂ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆာဒ်ရှူး အာမက်ခန်းကမူ အမေရိကန်သည် နတ်မြစ်ဝရှိ စိန့်မာတင်ကျွန်း၌ ရေတပ်စခန်းဌာနချုပ်တစ်ခု တည်ဆောက်ထားရှိခွင့်ရရေး ကြိုးပမ်းနေခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် NUG နှင့် PDF ကဲ့သို့ အစိုးရဆန့်ကျင်ရေးအင်အားစုများနှင့် မြန်မာနိုင်ငံချင်းပြည်နယ်ရှိ ခရစ်ယာန်ဘာသာဝင် ကူကီးချင်းသူပုန်များကို ထောက်ပံ့ကူညီနိုင်ရေးအတွက် တောင်အာရှဒေသကိုဖြတ်၍ လမ်းကြောင်းဖောက်လုပ်ရန် ကြိုးပမ်းနေသည်မှာ ထင်ရှားလှကြောင်း၊ အိန္ဒိယသတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

မဟာမိတ် ၁၄ ပါတီနှင့် တံခါးပိတ်ဆွေးနွေးရာ၌ မိမိတို့အစိုးရကို ဖြုတ်ချရေးအတွက် လျှို့ဝှက်ကြံစည်မှုများရှိနေပြီး မိမိသည်လည်း မိမိ၏ဖခင် (ရှိတ်မူဂျီ ဘူရာမန်)ကဲ့သို့ ကံကြမ္မာမျိုးဖြင့် တွေ့ကြုံရနိုင်ကြောင်း၊ သို့သော် မိမိကတော့ အောက်ကျို့အရှုံးပေးမည်မဟုတ်ကြောင်းလည်း ရှိတ်ဟာဆီနာက ပြောကြားခဲ့သည်ဟုဆိုသည်။

## ယမ်းအိုးနှင့်မီးပွား

ရှိတ်ဟာဆီနာအနေဖြင့် သူ့ကိုဖြုတ်ချရန် လျှို့ဝှက်ကြံစည်နေမှုအပေါ် ကြိုတင်သိရှိခဲ့သည့်တိုင်အောင် အခြေအနေကို ကောင်းစွာထိန်းသိမ်းကျော်လွှားနိုင်လိမ့်မည်ဟု စိတ်ချယုံကြည်ခဲ့ဟန်တူသည်။ ရွေးကောက်ပွဲကိုလည်း သောင်ပြိုကမ်းပြိုနိုင်ခဲ့ပြီးပြီ။ လူထုထောက်ခံမှုလည်း ရှိနေသည်။ အတိုက်အခံအများစုကိုလည်း ထိန်းချုပ်ထားသည်။ ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ်ကိုလည်း ဟာဆီနာ၏ လူယုံတစ်ဦးလည်းဖြစ်၊ တူမဝမ်းကွဲ၏ ခင်ပွန်းလည်းဖြစ်သော ဗိုလ်ချုပ်ကြီး ဝါကာဥဇမန်ကိုစစ်ဦးစီးအရာရှိချုပ် (ကြည်း) အဖြစ် ရွေးကောက်ပွဲမတိုင်မီလေးတွင်ပင် ခန့်ထားခဲ့ပြီး ရာထူးသက်ခြောက်လမျှနှင့်ပင် ကြည်းတပ်ဦးစီးချုပ်အဖြစ် ရာထူးတိုးမြှင့်ပေးခြင်းဖြင့် စိတ်ချရအောင် ပြုလုပ်ထားခဲ့သည်။

သို့ရာတွင် နိုင်ငံရေးစစ်တုရင်ပွဲ၌ တစ်ဖက်မှ ယှဉ်ပြိုင်ကစားနေသူများတွင်လည်း အားသန်သည့် ကစားကွက်များရှိနေသည်။ ရွေးကောက်ပွဲဖြင့် တင်မြှောက်ထားသည့်အစိုးရတစ်ရပ်တွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို တရားဝင်ဆောင်ရွက်ခွင့်ရှိရာ ယင်းကို နိုင်ငံရေးအန်တုမှုဖြင့် လူထုအုံကြွမှုဖြင့်ဖြုတ်ချရေးမှာ လွယ်ကူသည့်ကိစ္စတော့ မဟုတ်ပေ။

ပထမဆုံးလိုအပ်ချက်မှာ အုံကြွမှုတွင်ပါဝင်မည့် လူထု၌ အစိုးရအပေါ် မကျေနပ်သည့်စိတ်များ အခြေခံအားဖြင့်ရှိနေရေးဖြစ်သည်။ ယင်းမှာ ပေါက်ကွဲလွယ်သည့် ယမ်းအိုးကြီးနှင့်တူသည်။ ထို့နောက် လူထု၏ မကျေနပ်စိတ်များကို ပေါက်ကွဲသွားအောင် ဖောက်ခွဲပြစ်နိုင်သည့်ပြဿနာ မီးပွားတစ်ခု ပေါ်ပေါက်လာပါက ယင်းမီးပွားကို စနက်တန်၌ ရှို့၍ အစပျိုးပေးလိုက်ကာ အခြေအနေကို ထိန်းမရအောင် ဖောက်ခွဲလိုက်ရန်ဖြစ်သည်။ ယင်းလုပ်ငန်းကို တက်တက်ကြွကြွ ဦးဆောင်လုပ်ကိုင်ပေးမည့် တက်ကြွလှုပ်ရှားသူများကိုမူ ကြိုတင်မွေးမြူ စုစည်းထားရန်လိုသည်။

ဘင်္ဂလားဒေ့ရှ် အရေးအခင်းတွင် အခြေခံယမ်းအိုးမှာ အခြေခံပြည်သူလူထု၏ စားဝတ်နေရေး မပြေလည်မှုဖြစ်သည်။ ရှိတ်ဟာဆီနာလက်ထက်တွင် နိုင်ငံ၏စီးပွားရေး တစ်ဟုန်ထိုးတိုးတက်ခဲ့သည်မှန်သော်လည်း၊ စီးပွားရေးတိုးတက်မှုနှင့်အတူ ငွေကြေးဖောင်းပွမှုက လိုက်ပါလာပြီး အခြေခံလူသုံးကုန်နှင့် စားကုန်ဈေးနှုန်းတို့ ကြီးမြင့်လာသည်။ သို့သော် အောက်ခြေလူတန်းစားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေက လုံလောက်အောင် တိုးတက်မလာသဖြင့် မကျေနပ်မှုများရှိနေကြသည်။ ဤအထဲတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ယှဉ်တွဲပါလာလေ့ရှိသော ဗျူရိုကရေစီယန္တရား၏ အကျင့်ပျက်ခြစားမှုနှင့် အောက်ခြေလူထုအပေါ် ဖိစီးအနိုင်ကျင့်မှုများက အစိုးရကို အမြင်ဆိုးများ ဖန်တီးပေးခဲ့သည်။ ရွေးကောက်ပွဲအကြိုကာလ နိုင်ငံရေးမတည်ငြိမ်မှုနှင့် အတိုက်အခံများအား စုပြုံဖမ်းဆီးမှုများကလည်း အတိုက်အခံဘက်နှင့် နီးနွယ်သူများ၏ နာကြည်းမုန်းတီးမှုများကို ကြီးထွားစေခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဩဂုတ် ၂၉

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းနှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းအမှာစာ ၁၃ စောင်တို့ကို အတည်ပြုနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်ကိရိယာပစ္စည်း ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ပစ္စည်းလက်ကျန်စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စံကိုက်ချိန်ညှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ခြင်း၊ မှတ်တမ်းနှင့် အချက်အလက်ထိန်းသိမ်းခြင်း စသည့်အကြောင်းအရာများနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဦးစီးဌာနအဖွဲ့အစည်းအသီးသီးက တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်ပါသဖြင့် စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ယင်းနောက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တင်ပြသည့်အမှာစာများကို ကော်မတီဝင်များနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် ပါဝင်သင့်သည့်အချက်အလက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများတွင် အသုံးပြုလျက်ရှိသည့် သဘောသဘာဝမတူညီသည့် စက်ပစ္စည်းကိရိယာများကို ကြီးကြပ်စီမံခန့်ခွဲရမည်ဖြစ်၍ စီမံခန့်ခွဲရန်စနစ်လိုအပ်သောကြောင့် လုပ်ထုံးလုပ်နည်းကို ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း၊ ရေးဆွဲထားရှိသည့်လုပ်ထုံးလုပ်နည်းမူကြမ်းကို ကော်မတီဝင်များသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ သဘောသဘာဝမတူညီသည့် စက်ကိရိယာပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြီးပြည့်စုံသည့် လုပ်ထုံးလုပ်နည်းဖြစ်စေရန် ဝန်ကြီးဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက စက်ကိရိယာပစ္စည်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း ရေးဆွဲခြင်းနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုင်းတုံမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ



ကျိုင်းတုံ ဩဂုတ် ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်နံနက်ပိုင်းက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုး၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးအေးမောင်နှင့်ပြည်နယ်ပညာရေးမှူး ဒေါ်နော်ရှည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျိုင်းတုံမြို့ စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးလှမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး ဒုတိယတိုင်းမှူး၊ တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲများ၊ ဌာနဆိုင်ရာ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လူငယ်စကားဝိုင်းနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများက လူငယ်နှင့် တာဝန်သိမှု၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ လူငယ်စကားဝိုင်း တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစီအစဉ်ပထမပိုင်းတွင် စာအုပ်လှူဒါန်းပွဲပြုလုပ်ရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်သူများ အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာနှင့် ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်၍ စာပေဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ ဖြန့်ဝေပေးပို့လျက်ရှိပါကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များဝယ်ယူထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များ လှူဒါန်းသည့်စာအုပ်များကိုလည်း လှူဒါန်းပေးပါကြောင်း၊ စာကြည့်တိုက်များ၏အသက်မှာ စာအုပ်များဖြစ်ပါကြောင်း၊ စာအုပ်များရှိမှသော စာဖတ်ရှုသူများ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ အလှူရှင်များ တိုးပွားလာသည်နှင့်အမျှ စာအုပ်ကို များများလှူနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာအုပ်အလှူရှင်များတိုးပွားရေးအတွက် စည်းရုံးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်များပေးအပ်လှူဒါန်းရာ စာရေးဆရာ တိမ်ဦးရေးသားသည့် နိုင်ငံတကာသုံးကြယ်များရွေးချယ်ဖတ်ရှုနည်း စာအုပ် ၁၅၀ တန်ဖိုး ကျပ် ၄၅၀၀၀၀၊ ဦးနန်းအောင်လှိုင်နှင့် ဒေါ်သီရိစံတို့က ဝိဇ္ဇာနတ်လမ်းမှော်ဘုံကျမ်း စာအုပ် ၅၀ တန်ဖိုး ကျပ် ၁၂၅၀၀၀၀၊ ဦးဝင်းညွန့်လွင်က သုတ/ရသစာအုပ် ကိုးမျိုး စာအုပ် ၆၁၉ အုပ်၊ တန်ဖိုးကျပ် ၈၈၀၁၅၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယနေ့လှူဒါန်းမှုတွင် စာအုပ်ပေါင်း ၂၈၁၉ အုပ်၊ တန်ဖိုးငွေကျပ် ၁၀၅၀၁၅၀၀ ဖြစ်ပြီး ဒုတိယပိုင်းအစီအစဉ်အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြောင်းမြမြို့ မဒေါ့ပင်စံပြကျေးရွာ စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ



မြောင်းမြ ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မဒေါ့ပင်စံပြကျေးရွာ၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ မတည်ငွေဖြင့် ဆောက်လုပ်သည့် ကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က စာကြည့်တိုက်ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုရဲမှူးကြီးသောင်းထိုက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်တို့က စာကြည့်တိုက် မင်္ဂလာပန္နက်တိုင်များရိုက်ခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြေးခုန်ပစ်အားကစားအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်

ထားဝယ် ဩဂုတ် ၂၉

၂၀၂၄ ခုနှစ် ဗဟိုအဆင့်ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးရရှိသည့် ပြေးခုန်ပစ်အားကစားအဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ်အားကစားနည်းတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများမွေးထုတ်ပေးနိုင်သော အစဉ်အလာရှိသည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်ရန် အတွက် ယခုအချိန်ကတည်းကစပြီး ပြင်ဆင်လေ့ကျင့်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်က အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲတွင် ပထမ(ရွှေ)တံဆိပ် ဆွတ်ခူးရရှိခဲ့သော ပုလောမြို့နယ်မှ မောင်အောင်မင်းမြတ်အား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်းနှင့် အမျိုးသမီးမီတာ(၁၀၀ x ၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ(ရွှေ)တံဆိပ် ဆွတ်ခူးရရှိခဲ့သော တိုင်းဒေသကြီး အမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်း ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က အမျိုးသမီးမီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် (ရွှေ)တံဆိပ်နှင့် ပထမမီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ဒုတိယ(ငွေ)တံဆိပ် ဆွတ်ခူးရရှိခဲ့သော ကော့သောင်းမြို့နယ်မှ မညိုညိုမြွေးအား ဂုဏ်ပြုဆုငွေကျပ် ကိုးသိန်းနှင့် အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် ပထမ(ရွှေ)တံဆိပ် ဆွတ်ခူးရရှိခဲ့သော ကျွန်းစုမြို့နယ်မှ မကြယ်စင်နှင်းအား ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ငွေတံဆိပ်ဆုရရှိသူများအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း၊ ကြေးတံဆိပ်ဆုရရှိသူများအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းခွဲနှင့် အုပ်ချုပ်/နည်းပြ ငါးဦးအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီက တိုင်းဒေသကြီး ပြေးခုန်ပစ်အားကစားအဖွဲ့အား ဆုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်ကာ ပြေးခုန်ပစ်အသင်းအုပ်ချုပ်သူ ဒေါ်စုစုဝေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဇလွန်နှင့် လေးမျက်နှာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့သို့သွားရောက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး**

ဦးစွာ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက ယခုနှစ် စိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာ စိုက်ပျိုးမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လာမည့်စိုက်ပျိုးရာသီအမီ ရေဆင်းစပ်မျိုး(၂) နေကြာမျိုးများ၊ သွင်းအားစုဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်မီကူညီပံ့ပိုးပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးသမဝါယမအသင်းများက ဆီထွက်သီးနှံနေကြာဧက စုစုပေါင်း ၃၅၀၀၀ စိုက်ပျိုးမည်ဖြစ်၍ ဇလွန်မြို့နယ်အနေဖြင့်လည်း သမဝါယမအသင်းအချင်းချင်း ပံ့ပိုးငွေဖြင့် ပါဝင်စိုက်ပျိုးသွားမည်ဖြစ်ပြီး ထွက်ရှိလာသော နေကြာသီးနှံများကို သမဝါယမအသင်းများ၏ အစီအစဉ်ဖြင့် ဆီကြိတ်၍ ဒေသဝမ်းစာဖူလုံရေးအတွက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လေးမျက်နှာမြို့သို့သွားရောက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် မြို့နယ်မှတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး လေးမျက်နှာမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှု၊ သမဝါယမအသင်းအချင်းချင်း ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိသော မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံ နေကြာ၊ မြေပဲနှင့် နှမ်းများ တိုးချဲ့စိုက်ပျိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်စုအလိုက် ပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာသို့သွားရောက်ပြီး သက္ကရာဇ် ၄၂၀ ပြည့်နှစ်က ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် စတုမုခ ထူပါရုံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကာ ငဝန်မြစ်ရေတိုက်စားမှုကြောင့် စေတီတော်မြတ်ကြီး ကမ်းပြိုရေခမှုမဖြစ်ပေါ်စေရေး ကမ်းထိန်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုသည်။



အဆိုပါ မြစ်ကမ်းထိန်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မြစ်ကြမ်းပြင် ကာကွယ်ထိန်းသိမ်းခြင်းအတွက် ကျောက်စီရေကာတာဆောင်ရွက်ခြင်း၊ စေတီတော် ရင်ပြင်ချဲ့ခြင်း၊ Bored Pile အခြေပြုသံကူကွန်ကရစ် နံရံပြုလုပ်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် လေးမျက်နှာမြို့နယ် ခတ္တာ-ခုံကြီးလမ်းပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသော ပေ ၂၂၀ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ပန်းတောကြီးကျေးရွာရှိ မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်း တက်ရောက်အောင်မြင်ပြီး ဆိုင်ကယ်ပြင်လုပ်ငန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ဦးအောင်ပိုင်စိုး၏ ကိုညီဆိုင်ကယ်ပြင်ဆိုင်ကိုလည်းကောင်း၊ လုပ်ငန်းရှင် ဦးကျော်ဝင်းနိုင် ဆောင်ရွက်နေသော သိမ်းငှက်သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရေကြည်မြို့နယ် ပန်းကုကွင်း ကျေးရွာအုပ်စု သီတာချောင်းကူးတံတား တည်ဆောက်ပေးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်မြို့နယ် သီတာကုန်းပြင်သို့သွားရောက်၍ သမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကာ(၁၅၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ကျင်းပသော ရပ်သာကြီးကျေးရွာနှင့် ကံကုန်းကျေးရွာတို့၏ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရာဇာမင်းခရီးသည်ပို့ဆောင်ရေးက EV Express ယာဉ်များဖြင့် ပြေးဆွဲမည်

ရန်ကုန် ဩဂုတ် ၂၉

ရာဇာမင်းခရီးသည်ပို့ဆောင်ရေးက EV Express ယာဉ်များဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းက ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် Yutong အမျိုးအစား EV Express ယာဉ်များဖြင့် စက်တင်ဘာလကုန်တွင် စတင်ပြေးဆွဲပေးမည်ဖြစ်ပြီး လက်ရှိအချိန်၌ မှာယူထားသော EV လျှပ်စစ်ကားသစ်ကြီးများ တင်ဆောင်လာသည့် သင်္ဘောသည် တရုတ်နိုင်ငံဆိပ်ကမ်းမှ စတင်ထွက်ခွာလာပြီဖြစ်ကြောင်း သိရသည်။

ရာဇာမင်းခရီးသည်ပို့ဆောင်ရေး၏ EV Express ယာဉ်ကို တွေ့ရစဉ်။

ယာဉ်လိုင်းအနေဖြင့် EV Express ခရီးစဉ်များကို ရန်ကုန်-မန္တလေး၊ ရန်ကုန်-နေပြည်တော် ခရီးစဉ်များအတွက် ပြေးဆွဲမည်ဖြစ်ပြီး ခရီးသည်များ ပိုမို သက်သောင့်သက်သာရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ကြောင်း ရာဇာမင်းခရီးသည်ပို့ဆောင်ရေးမှ ထုတ်ပြန်ထားသည်။ ရန်ကုန်-မန္တလေး- နေပြည်တော် EV Express ခရီးစဉ်ဝန်ဆောင်မှုများကို ခရီးသွားယာဉ်လိုင်း မန္တလာမင်းက ပြီးခဲ့သည့်လအတွင်းက EV လျှပ်စစ်ကားသစ်ကြီးများဖြင့် စတင်ပြေးဆွဲပေးခဲ့ပြီး ယခုရာဇာမင်းခရီးသွားယာဉ်လိုင်းမှ ထပ်မံပြေးဆွဲပြေးမည်ဆိုပါက EV Express ခရီးစဉ်ဝန်ဆောင်မှုယာဉ်လိုင်း နှစ်လိုင်းအထိ ရှိလာမည်ဖြစ်သည်။

**TWA**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်



ပုသိမ် ဩဂုတ် ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆုရအားကစားသမားများ တက်ရောက်ကြသည်။

**ရွေးချယ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားနည်း ၂၃ မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်သွားမည့်အပြင် မသန်စွမ်း အားကစားနည်းလေးမျိုးကိုလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက် အားကစားပြိုင်ပွဲများမှ ရွေးချယ်ရရှိသည့် အားကစားသမားများဖြင့် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ပြီး မျိုးဆက်သစ် အားကစားသမားအသစ်များ ပေါ်ထွက်လာစေရေးအတွက်လည်း ရပ်ကွက်၊ ကျေးရွာများ၊ အခြေခံပညာကျောင်းများမှ ရွေးချယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အောင်နိုင်ရေးနှင့် တိုင်းဒေသကြီးအားကစားနည်းအဆင့်အတန်းများ တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အစည်းအဝေးဒုတိယပိုင်းပြုလုပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးများနှင့် အားကစားမှူးများက တစ်ဦးချင်းမိတ်ဆက်ခဲ့ပြီး သက်ဆိုင်ရာအားကစားနည်းများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးက အမျိုးသားအားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) ကြည့်ရှုစစ်ဆေး မင်္ဂလာဒုံစက်မှုဇုန်ရှိ လုပ်သားများအား တွေ့ဆုံအားပေး



ရန်ကုန် ဩဂုတ် ၂၉

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)သို့ ရောက်ရှိပြီး လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းနှင့် မော်တော်ယာဉ် စက်ပြင်သင်တန်း ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ သင်တန်းသားများနှင့် တွေ့ဆုံပြီး NSSA မှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၂၁ ကျောင်းနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရရှိထားပြီး NSSA အသိအမှတ်ပြု မှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၁၄ ကျောင်းရှိကြောင်း၊ သင်တန်းကျောင်းအလိုက်ဆောက်လုပ်ရေးလုပ်သားနှင့် လက်သမားသင်တန်း၊ ပြမ်းဆင်သင်တန်း၊ ကြွေပြားကပ်သင်တန်း၊ ပိုက်ဆက်သင်တန်း၊ အုတ်စီသင်တန်း၊ ကျောက်ပုန်းရိုက်လုပ်သားသင်တန်း၊ အဆောက်အအုံ လျှပ်စစ်ဒီဇိုင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ အထည်ချုပ်သင်တန်း၊ အရောင်းဆိုင်ငွေကိုင်သင်တန်း၊ ဧည့်ကြိုလုပ်သားသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေး လုပ်သားသင်တန်း၊ စက်ကိရိယာကိုင်တွယ်မောင်းနှင်သူသင်တန်း၊ အခြေခံမော်တော်ယာဉ် စက်ပြင်နှင့် အဆင့်မြင့် မော်တော်ယာဉ် စက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းဆင်းလုပ်သားများအနေဖြင့် သင်တန်းမှ ပို့ချပေးခဲ့သည့် သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချရန်နှင့် ခေတ်နှင့်အညီ စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ Honey Garment Factory 1 Co.,Ltd နှင့် K.M.H Co.,Ltd အထည်ချုပ်စက်ရုံတို့သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေး ကော်မတီဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများက လုပ်ငန်းခွင် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အလုပ်သမားရေးရာ အငြင်းပွားမှု လျော့နည်း ပပျောက်စေရေး တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စည်းကမ်းဖောက်ဖျက်သည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၉

စည်းကမ်းဖောက်ဖျက်သည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများအား အသိပညာပေးဆွေးနွေးပွဲ အမှတ်စဉ်(၁၅/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီခွဲက တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)ရုံးချုပ် သင်တန်းခန်းမ၌ ပြုလုပ်သည်။

ယင်းဆွေးနွေးပွဲ၌ YRTC ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကား ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ယာဉ်မောင်းများ သိသင့်သိထိုက်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာဆွေးနွေးချက်များ၊ တာဝန်ယူမှု တာဝန်ခံမှုရှိသည့် ယာဉ်မောင်းတစ်ယောက်ဖြစ်ရေး လုပ်ဆောင်ရန်အချက်များကို တင်ပြဆွေးနွေးသည်။

ထို့နောက် YRTC ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မြင့်နွယ်၊ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်တိုင်းဒေသကြီး)မှ တာဝန်ရှိသူ၊ YRTC ကော်မတီဝင်(၄) ဦးမောင်မြို့နှင့် စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှူး ဦးဝင်းနိုင်တို့က ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် ယာဉ်မောင်း ၁၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မေးခွန်းများဖြေဆိုစေကာ ယာဉ်မောင်းများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုထက်





# သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများ လိုက်လံဆောင်ရွက်

သထုံ ဩဂုတ် ၂၉

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဌာနအသီးသီးတို့မှ ဝန်ထမ်းများ စာအုပ်စာစောင်များကို အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို လိုက်လံဆောင်ရွက်ကြသည်။

မိုဘိုင်းစာကြည့်တိုက် ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သထုံမြို့နယ်အတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား သုတ/ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

# ယဉ်ကျေးမှုအမွေအနှစ်များနှင့် မန္တလေးမြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက ဆန္ဒထုတ်ဖော်



နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် ပြည်သူများ၏ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၄ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြား မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးနှစ်ကောင်ရှေ့တွင် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများစုပေါင်း၍ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဆန္ဒထုတ်ဖော်ပွဲသို့ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်များမှ သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက မန္တလေးတောင်ခြေရှိခြင်္သေ့ကြီးနှစ်ကောင်ရှေ့တွင် စုရပ်ပြုလုပ်၍ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းသို့ စနစ်တကျ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒထုတ်ဖော်ရာ လမ်းတစ်လျှောက်တွင် "ယဉ်ကျေးမှုအမွေအနှစ်များတည်တံ့ဖို့ ဒို့မန္တလေးသားတွေ စောင့်ရှောက်စို့၊ မန္တလေးမြို့ကြီးမပျက်စီးဖို့ မန်းပြည်သူတွေစည်းလုံးစို့၊ ရာဇဝင်ကောင်းတဲ့ဒို့မန္တလေး ဒို့မျိုးဆက်အတွက် ဆက်ထိန်းပေး၊ အကြမ်းဖက်မှုများ တိုက်ခိုက်ဖို့ မန်းပြည်သူတွေညီကြစို့၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများစည်းလုံးညီညွတ်ရေး ဒို့အရေး၊ မန္တလေးမြို့ကြီး တည်ငြိမ်အေးချမ်းရေး ဒို့အရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဒို့အရေး၊ အကြမ်းဖက်မှုမှန်သမျှ ဆန့်ကျင်ကြ"စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာ လေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး



ကျောက်ပန်းတောင်း ဩဂုတ် ၂၉

မန္တလေး တိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ နွေရာသီကာလ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ လေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများသည် လက်ပံပင်ကျေးရွာ၊ စံပယ်ပင်ကျေးရွာနှင့် ရွာလုကျေးရွာများတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက တာဝန်ရှိသူများအား ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားထိန်းသိမ်းကြရန် မှာကြားကာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကန်ရဲကျေးရွာတွင် ကျေးရွာ သုံးရွာကို အကျိုးပြုမည့် အလျားပေ ၄၀၀၊ အနံ ပေ၄၀၀၊ အနက် ခြောက်ပေရှိ မြေသားရေကန် အနက်နှိုက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ၂၂၂

# ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ



ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်တို့၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်) ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်တထောင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗိုလ်တထောင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ သန်လျင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်း၊ ကျောက်တံတားခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်(ခေတ္တ)နှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) နာယက အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း၊ အကပညာရှင် ဒေါ်နွဲ့နွဲ့စန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ် ဦးခိုင်ထွန်း၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်းတို့က ခရိုင်အဆင့်ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ သတ်မှတ်နေရာတို့တွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပကြသည်။

ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ကျော်စိုး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးရရှိခဲ့သော ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်က တံခွန်စိုက်ဒိုင်းဆုကြီးအား ဆွတ်ခူးရရှိသွားကြောင်း သိရသည်။ **ဥဿ**

# ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းခြင်းအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

မော်လမြိုင် ဩဂုတ် ၂၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သက္ကော အခြေခံပညာအထက်တန်းကျောင်းနှင့် ကလော့ကနိုင်း အခြေခံပညာမူလတန်းကျောင်းတို့တွင် ဩဂုတ်၂၈ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းခြင်းအကြောင်း အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြေအောင်နှင့် ဒုတိယဦးစီးမှူး ဒေါ်သိမ့်နီနီကျော်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းခြင်းအကြောင်းသိကောင်းစရာနှင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းအကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



❍ MNL ယူ-၂၀ မှ

ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၃၊ ၇၇ မိနစ်တွင် မင်းသန့်ဘိုက သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးကို ၇၃ မိနစ်တွင် ဝိုင်းဝိုင်းချစ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မင်းသန့်ဘိုက ရရှိခဲ့သည်။

ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး Junior Lions အသင်းက ၂၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ သစ္စာအားမာန်အသင်းက ၁၇ မှတ်၊ ရွှေဝတီယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၁ မှတ်၊ မြဝတီ၊ ဟံသာဝတီယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ ရရှိထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - YUFC**

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုတွင် တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဝင်ရောက်တိုက်ခတ်

တိုကျို ဩဂုတ် ၂၉

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုတွင် တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွား၍ သုံးဦးသေဆုံးကာ ၈၂ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အင်အားပြင်းမုန်တိုင်းသည် မီယာဇာကီနှင့် ကာဂိုရှီးမားစီရင်စုသို့ ဦးတည်တိုက်ခတ်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်စဉ် ကာဂိုရှီးမားမြို့၌ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့လျက်ရှိစဉ် ပျောက်ဆုံးနေကြောင်း သိရသည်။



အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ကာ နေရာအနှံ့တွင် လျှပ်စစ်မီးနှင့် ရေပြတ်တောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထို့ပြင် ကျူရှူး ရှင်ကန်ဆန်၊ ဆန်ယိုးနှင့် တိုကိုင်ဒို ရှင်ကန်ဆန် မီးရထားလမ်းပိုင်းများနှင့် လေယာဉ်ခရီးစဉ် အများအပြား ဖျက်သိမ်းခဲ့ရသည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် စူပါမားကက် ၅၀ ကျော်နှင့် စတိုးဆိုင်ပေါင်း ၉၀၀ ကျော်တို့ကို ယာယီပိတ်ထားရပြီး ထောက်ပံ့ပို့ဆောင်ရေးနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုများကိုသိသိသာသာ ထိခိုက်စေခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်းနှင့် မြစ်ရေလျှံခြင်းကဲ့သို့သော ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို သတိရှိစွာဖြင့် နေထိုင်ကြရန် ပြည်သူများအား သတိပေးပြောကြားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ရှန်ရှန်သည် ဩဂုတ် ၂၉ ရက်မှစတင် ကာ အရှေ့ဘက်ပိုင်းသို့ ဖြည်းညင်းစွာ ရွေ့လျားသွားသော်လည်း မိုးသည်းထန်စွာ ရွာသွန်းခြင်း အပါအဝင် ပြင်းထန်သော ရာသီဥတု အခြေအနေများ ဖြစ်ပွားနိုင်ဖွယ်ရှိသည့်အတွက် ပြည်သူများအား သတိရှိစွာ နေထိုင်ကြရန် အာဏာပိုင်များက အကြံပြုထားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

# ထိုင်းနိုင်ငံ၌ ရထားလမ်းဥမင်ပြိုကျမှုမှ မြန်မာယာဉ်မောင်း၏ ရုပ်အလောင်းတွေ့ရှိ

ဗန်ကောက် ဩဂုတ် ၂၉

ထိုင်းနိုင်ငံတွင် ပြိုကျခဲ့သည့်ရထားလမ်းဥမင်အတွင်း ပိတ်မိနေသည့်အလုပ်သမားများအနက် မြန်မာယာဉ်မောင်း၏ ရုပ်အလောင်းကို ပြန်လည်တွေ့ရှိခဲ့သည်ဟု ယနေ့ ဗန်ကောက်ပို့စ်သတင်းအရ သိရသည်။

၎င်းယာဉ်မောင်း၏ရုပ်အလောင်းကို ထိုင်းအစိုးရမီးရထားလုပ်ငန်းမှ ကယ်ဆယ်ရေးလုပ်သားများနှင့် တရုတ်နိုင်ငံ ဟူနန်ဆန်းရှိုင်းကုမ္ပဏီမှ ရှာဖွေရေးအဖွဲ့များက ယနေ့နံနက် ၁၁ နာရီတွင် တွေ့ရှိခဲ့ကြောင်း ထိုင်းအစိုးရ မီးရထားလုပ်ငန်းအုပ်ချုပ်ရေးမှူးရုံး အကြီးအကဲ အီကရတ်ဆရီယာ ယန်ပေါင်က ပြောကြားသည်။

လက်ရှိအချိန်တွင် မြန်မာယာဉ်မောင်း၏ အမည်ကို အတည်မပြုရသေးကြောင်းနှင့် ကျန်ရစ်သူမိသားစုကို ထိုင်းအစိုးရမီးရထားလုပ်ငန်းက ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း၎င်းက ထပ်လောင်းပြောကြားသည်။

ဥမင်အတွင်း ပြိုကျနေသည့် မြေကြီးများနှင့် ကျောက်တုံးကျောက်ခဲများအောက်ရှိ ၎င်းမောင်းနှင်သည့် ယာဉ်အနီးတွင် မြန်မာနိုင်ငံသားယာဉ်မောင်း၏ ရုပ်အလောင်းကို တွေ့ရှိခဲ့သည်ဟု နာခွန်ရတ်ချာဆီမာပြည်နယ်အုပ်ချုပ်ရေးမှူး ချိုင်ဝပ် ချူအန်ကိုဆမ်က အတည်ပြုပြောကြားသည်။

ကိုးကား–ဗန်ကောက်ပို့စ်

ဘာသာပြန်–စိုးသူရ




# အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွား

နယူးဒေလီ ဩဂုတ် ၂၉

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ ၃၅ ဦးသေဆုံးကြောင်း ဒေသန္တရမီဒီယာများက ယနေ့ပြောကြားသည်။

လေးရက်ခန့်မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာမှ ယနေ့တွင် ဂူဂျာရတ်ပြည်နယ်ရှိ ရက်ဂျ် ကော့တ်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြေးလမ်းဘေးနံရံပြိုကျခဲ့ကြောင်း သိရသည်။ ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသရှိ ဒေသခံ ၄၀၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

အဆိုပါ ပြည်နယ်ရှိ ဗာဒိုဒါယာမြို့အတွင်း ဖြတ်သန်း စီးဆင်းသည့် ဗစ်ရှ်ဝါမီထရီမြစ် ရေလျှံရာမှ လမ်းများ၊ အဆောက်အအုံများ ရေနစ်မြုပ်ခဲ့သည်။

လက်ရှိအချိန်တွင် ရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားနေသဖြင့် ရထားနှင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရပြီး တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား–ဆင်ဟွာ

ဘာသာပြန်–စိုးသူရ

# အစ္စရေးနိုင်ငံ၌ စစ်ဘေးဒဏ်သင့်ခဲ့သည့် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမည်

ဂျေရုဆလင် ဩဂုတ် ၂၉

အစ္စရေးနိုင်ငံ၌ စစ်ဘေးဒဏ်သင့်ခဲ့သည့် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှီကယ် ၃၅ သန်းကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံ တီထွင်ဆန်းသစ်မှုဆိုင်ရာ အာဏာပိုင် အဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်ဟု သိရသည်။

နည်းပညာဆိုင်ရာ လုပ်ငန်းများကို နီဂီသဲကန္တာရဒေသနှင့် ဂေလီလီဒေသများတွင် ရုံးခွဲများဖွင့်လှစ်နိုင်ရန်နှင့် နည်းပညာကျွမ်းကျင်သူများ ငှားရမ်းအသုံးပြုနိုင်ရန် ယခုရင်းနှီးမြှုပ်နှံသည့် ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

နည်းပညာဆိုင်ရာ လုပ်ငန်းများအနေဖြင့် ယခုမတည်ပေးလိုက်သည့် ငွေကြေးဖြင့် လုပ်သားများအား လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများတွင် ကျွမ်းကျင်မှုနယ်ပယ်များ ခွဲခြားသတ်မှတ်၍ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဟု သိရသည်။

ကိုးကား–ဆင်ဟွာ

ဘာသာပြန်–စိုးသူရ

# အာဖဂန်နစ္စတန်နိုင်ငံ၌ အာဟာရချို့တဲ့မှုနှင့် အစားအစာ မလုံလောက်မှုကြောင့် ငါးနှစ်အောက် ကလေးငယ် ၂၆ ဦး သေဆုံး

ကဘူးလ် ဩဂုတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘာဒက်ရှန်ပြည်နယ်၌ လွန်ခဲ့သည့် ငါးလအတွင်း အာဟာရချို့တဲ့မှုနှင့် အစားအစာ မလုံလောက်မှုကြောင့် ငါးနှစ်အောက် ကလေးငယ် အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ကြောင်း ဆေးရုံသတင်းရင်းမြစ်တစ်ခုက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သော ငါးလအတွင်း ငါးနှစ်အောက် ကလေးငယ် ၃၆၅ ဦးကို ဘာဒက်ရှန်ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်းနှင့် ၎င်းတို့အနက် ၂၆ ဦးမှာ အာဟာရချို့တဲ့မှုဖြင့် သေဆုံးခဲ့ကြောင်း အာဖဂန်မီဒီယာ တိုလိုသတင်းဌာနက ဒေသန္တရ ကျန်းမာရေးတာဝန်ရှိသူ အာဗ်ဒူမာလစ်ရှိဖီ၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းဖော်ပြခဲ့သည်။

မတ် ၂၀ ရက်မှစတင်၍ ကလေးငယ်စုစုပေါင်း ၂၆၉၆ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အာဟာရချို့တဲ့မှု မြင့်တက်လာရခြင်းမှာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ မလုံလောက်မှု၊ ဆင်းရဲမွဲတေမှုနှင့် ဆင်းရဲနွမ်းပါးသောဒေသရှိ ကျန်းမာရေးစောင့်ရှောက် ရေးစင်တာများသို့ ရောက်ရှိရန် ခက်ခဲမှုများကြောင့် ဖြစ်ကြောင်း ဒေသန္တရဆရာဝန်များက သုံးသပ်ပြောကြားသည်။



အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ အသက်ငါးနှစ်အောက် ကလေး ၂ ဒသမ ၉ သန်းခန့်သည် အစာရေစာပြတ်လပ်မှု သို့မဟုတ် အာဟာရချို့တဲ့မှု အန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း အကူအညီပေးရေး အေဂျင်စီများ၏ အစီရင်ခံစာအရ သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

# မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၂၉

မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ် ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားသည် ပျဉ်းမနားနှင့် ပြည်ဝင်ဘူတာအကြား ရောက်ရှိစဉ် ရထား၏ အထက်တန်းတွဲ(၁) ခုံအမှတ် A-3၊ A-4 ၏ အပေါ်ဘက် ပစ္စည်းတင်စင်နှင့် ထိုင်ခုံ၏ရှေ့တို့တွင် ကျောပိုးအိတ် နှစ်လုံးနှင့် မြွေရေခွံအိတ်များ ထည့်ထားသည့် ခြင်းနှစ်လုံးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့်မသင်္ကာ၍ ရထားလုံခြုံရေး ရဲတပ်ဖွဲ့နှင့် မြန်မာ့မီးရထား တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ် ဆေးပြားများ ထည့်ထားသည့် ပလတ်စတစ်အထုပ်ကြီး ၅၀ ကို တွေ့ရှိခဲ့ပြီး အထုပ်ကြီး တစ်ထုပ်အတွင်း၌ အထုပ်ငယ် ငါးထုပ်ပါရှိကာ အထုပ်ငယ် တစ်ထုပ်အတွင်း ဆေးပြား ၇၅၀၀ ခန့်ပါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။



အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ စိတ်ကြွမူးယစ်ဆေးဝါးများ တွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးတွေ့ရှိချက်အရ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား ၄၆၁၉၄၅ ပြား(အလေးချိန် ၃၆ ဒသမ ၉၆ ကီလိုဂရမ်) တန်ဖိုး ငွေကျပ်သိန်း ၉၀၀၀ ကျော်ခန့်ဖြစ်ပြီး အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၏ ထိုင်ခုံဇယားအား စိစစ်ရာ အဆိုပါ ခုံအမှတ် A-3၊ A-4 တို့တွင် သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် သန်းဇော်ဦး နိုင်ငံသားစိစစ်ရေးအမှတ် ၈/စလန(နိုင်) ၁၃၉၈၁၇ နှင့် စိုင်းသက်အောင် နိုင်ငံသားစိစစ်ရေးအမှတ် ၁၃/တကန(နိုင်)၃၂၀၆၉၆ တို့က ဝယ်ယူထားကြောင်း သိရှိရသဖြင့် ပိုင်ရှင်အား ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် အမှုအမှတ်(ပ)၂၀/၂၀၂၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၊ ၂၀(က)ဖြင့် ပျဉ်းမနားမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၂၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃ လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် 100% Polyester Woven Dyed Fabric မီတာ ၈၂၅၀၀ အပါအဝင် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၉၀၃၃၃၅၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၈၀၀၀၀)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မန္တလေးမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၉၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus တစ်စီး၊ Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၂၀၆၃၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် သြဂုတ် ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ တောင်ကြီးမှ ကျောက်ဆည်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် စားသောက်ကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၈၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၈၇၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် စစ်တောင်းမြစ်ကျိုးလမ်း မြစ်ကျိုးရွာအနီး၌ ဘားအံမှ တောင်ငူသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ဆိပ်ကမ်းသာလမ်း ဓမ္မာရုံကူးတို့ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ သြဂုတ် ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၆၂၄၃၈၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၈-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ တတုကင်းစင်ကျန်းမာဖို့...GAP စနစ်လိုက်နာစို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတားကွက်'** (အပိုင်း-၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်ကမ္ဘာထဲကရွှေရည်စိမ်မှတ်တမ်း'** (အပိုင်း-၁၂)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၅၀ မျိုးဝှက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၂၅ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတားကွက်'** (အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'အလွမ်းဝက်ပါ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၁၆)

### mitv

- 07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:10 The Banjoist
- 07:28 Empowering Myanmar's MSMEs: Success Story in Fish Farming Business Development
- 07:39 Moe Ma Kha Elephant Camp (Ngwe Saung)
- 08:01 News
- 08:26 Asia Updates: Leaving No One Alone
- 08:30 Three Beautiful Islands
- 08:49 Hsig Khaung Village In Hsihseng
- 09:01 Traditional Myanmar Theatrical Performance: Eain Mhat Pan Che (Symphony Orchestra)
- 09:09 Daytamotbarat Sasana Land
- 09:32 Hand In Hand To Prevent and Fight Drug Abuse
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်('ဝ'ရိုးရာတူရိယာဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
မူလာရိုးဒီးသို့အလည်တစ်ခေါက်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကန်စွန်းဥရဲ့ကျန်းမာရေး

**ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဟံသာဝတီပဲခူး

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တေးလက်ဆောင်(အပိုင်း-၆)

**ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
တေးသံရှင်ဘီလီငွန်ကျူးဘိမ်(ရင်တွင်းသီချင်း)

**ချင်း(ခိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ခိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပါယ်များ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဂုဏ်သိစာသပြည်သီးဟင်းလျာ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
လှမ်းခဲ့ပါလေတောင်တိုမြေ

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
'တိုင်းနေ'အထက်ရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ ရသစုံစွာကျဲမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၁၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံစမ်းမဲ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၄၉)
- ၁၈:၀၀ Economic Review

### MRTV FARMERS' HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စိုက်ပျိုးကဏ္ဍအတွက်ရေသည်အသက် ရေသည်ရိက္ခာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ News Flash
- ၁၈:၃၀ အနိမ်ခံချစ်သူ(ဇာတ်လမ်း)
- ၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်းသစ် ၂၆ ဒသမ ၁၁၈၂တန်၊ သစ်မာ ၉ ဒသမ ၃၈၆၆ တန်နှင့် အခြား ၂ ဒသမ ၃၇၁၈ တန် သိမ်းဆည်းရမိ



ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်းသစ် ၂၆ ဒသမ ၁၁၈၂ တန်၊ သစ်မာ ၉ ဒသမ ၃၈၆၆ တန်၊ အခြား ၂ ဒသမ ၃၇၁၈ တန်(စုစုပေါင်း ၃၇ ဒသမ ၈၇၆၆ တန်)နှင့် ယာဉ်/ယန္တရား လေးစီး၊ တရားခံ တစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှုများအနက် အများဆုံး ဖမ်းဆီးရမိမှုမှာ လယ်ဝေးမြို့နယ် မြို့မဘိနယ်ပေါက်ပင်သာ ဘုန်းကြီးကျောင်းဝင်း အနီးဝန်းကျင်မှ တရားမဝင် ကျွန်းသစ်လုံး/ခွဲခြမ်း/လုံးပတ်သုံးပေအောက်သစ် စုစုပေါင်း ၂၂၇ လုံး/ ခြမ်း(၁၉ ဒသမ ၈၀၄၀ တန်) ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော် ဩဂုတ် ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တော ဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူပူးပေါင်းပါဝင်သော လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်းသစ် ၂၆ ဒသမ ၁၁၈၂ တန်၊ သစ်မာ ၉ ဒသမ ၃၈၆၆ တန်၊ အခြား ၂ ဒသမ ၃၇၁၈ တန်(စုစုပေါင်း ၃၇ ဒသမ ၈၇၆၆ တန်)နှင့် ယာဉ်/ယန္တရား လေးစီး၊ တရားခံ တစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှုများအနက် အများဆုံး ဖမ်းဆီးရမိမှုမှာ လယ်ဝေးမြို့နယ် မြို့မဘိနယ် ပေါက်ပင်သာ ဘုန်းကြီးကျောင်းဝင်း အနီးဝန်းကျင်မှ တရားမဝင် ကျွန်းသစ်လုံး/ခွဲခြမ်း/လုံးပတ် သုံးပေအောက်သစ် စုစုပေါင်း ၂၂၇ လုံး/ ခြမ်း(၁၉ ဒသမ ၈၀၄၀ တန်) ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဓားပြတိုက်နေကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့်ယာဉ်များအား ဩဂုတ် ၂၇ ရက်တွင် ဓားပြတိုက်လျက်ရှိပြီး ဓားပြတိုက်သူများမှာ ရဲတပ်ဖွဲ့၊ တပ်မတော်နှင့် ပျူစောထီးများဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုလို ဥပဒေမဲ့လုပ်ရပ်မျိုး လုပ်ဆောင်ခြင်းမရှိကြောင်း၊ ယင်းကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များအား အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများက လုပ်ဆောင်လေ့ရှိကြောင်း၊ ပြည်သူလူထုအား အမြဲတစေထိခိုက်အောင် ကြံစည်ဆောင်ရွက်နေကြသူများသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လက်ဝေခံပြည်ဖျက်မီဒီယာများသာဖြစ်သည်ကိုလည်း အများပြည်သူများအားလုံးအသိပင်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။ ယခုသတင်းသည် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသားပြည်သူများအား လက်နက်အားကိုးဖြင့် ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး မပေးသူများအား အဓမ္မဖမ်းဆီးနှိပ်စက် သတ်ဖြတ်လျက်ရှိသည်ကို ဖုံးကွယ်ရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီး ဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ် ရယူခဲ့သူများကို အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၉

အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် ၎င်း၏ သမီးဖြစ်သူ မေသန္တာဝင်းတို့က ရွှေပြည်သာမြို့နယ်နေ မ----၊ ၁၂/၂၀၂၄ နှစ်ကို နေ့စဉ် နံနက် ၅ နာရီမှ ည ၁၂ နာရီထိ ရွှေဂုံတိုင်ကားမှတ်တိုင်အနီးတွင် ပန်းရောင်းရန် ခိုင်းစေခဲ့ပြီး ပန်းရောင်းမကုန်သည့် နေ့များတွင် ရိုက်နှက်ခြင်းများပြုလုပ်၍ အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်း (ပ)၃၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ-၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

ကမာရွတ်ခရိုင်တရားရုံးက ဩဂုတ် ၂၇ ရက်တွင် တရားခံ ဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် မေသန္တာဝင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Sithu Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်နေ စည်သူလင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "aungkoaungko799" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ အောင်သက်ခိုင်နှင့် "Aungko2772" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ ကျော်မင်းဦးတို့အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၈)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဆရာစံ လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ စောနောင်(ခ)ကိုထက်(ခ)အောင်လေးနှင့် သန်းနိုင်ဇော်(ခ)ကိုနိုင် တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

ထို့ပြင် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် တောင်ကြီး-လွိုင်လင်သွားကားလမ်း ရွာသစ်ကျေးရွာအနီးတွင် ထွန်းထွန်းဦး(ခ)အာဇွင်း မောင်းနှင်ပြီး ယွန်းဂျူလိုင်ဖူး လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၇၈၃ ကီလို၊ ကက်တမင်း သုည ဒသမ ၀၄၅ ကီလိုသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲတွင် စိုင်းစွမ်ဆိုင်မိုင်းအား တောင်ကြီးမြို့ ကံကြီးရပ်ကွက် ရွှေတောင်ကြားအိမ်ရာတွင် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မျိုးမင်းထက်(ခ)ကိုထက်အား တောင်ကြီးမြို့ ကျောင်းကြီးစု ရပ်ကွက်တွင် ကက်တမင်း သုည ဒသမ ၀၀၉ ကီလိုကို လည်းကောင်း။

ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ် တွင် ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ဈေးတန်းရပ်ကွက်ရှိ ကားဂိတ်တွင်ဆိုင်ကယ်နှင့် ပါဆယ်ပစ္စည်းများ လာရောက်ပို့ဆောင်သူ ခွန်တင်ဝင်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ခွန်တင်ဝင်းကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိခရမ်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါး တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ခရမ်းကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကန်ကြီးထောင့်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ



ကန်ကြီးထောင့် ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီး ခေတ်မီစံပြကျေးရွာရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရဖြိုးက ၂၀၂၅ ခုနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောကျေးရွာ(စံပြကျေးရွာ) ဆုဝင်ရောက်ယှဉ်ပြိုင်ထားသည့် ကျေးရွာများအနက် ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာရှိ ကျေးရွာသူကျေးရွာသားများအား မိမိတို့ကျေးရွာကို စံပြကျေးရွာ ဖြစ်စေရေးအတွက် စံပြကျေးရွာတွင်ရှိရမည့်သတ်မှတ်စံချိန်စံညွှန်းများအကြောင်း သိမှတ်ဖွယ်ရာများနှင့် ကျေးရွာသန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအကြောင်း သိကောင်းစရာများအား ရှင်းလင်းပြောကြားခဲ့ရာ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျေးရွာသူကျေးရွာသားများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျေးရွာသူကျေးရွာသားများ၊ကျောင်းသားကျောင်းသူများအား အမှိုက်ပုံးများလှူဒါန်းကာ ပလတ်စတစ်ညစ်ညမ်းမှုအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေး လက်ကမ်းစာစောင် ၅၀ အား လက်ဝယ်အရောက်ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မအူပင်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေးဟောပြောပွဲ ပြုလုပ်



မအူပင် ဩဂုတ် ၂၉

မအူပင်မြို့နယ် သန်းခေါင်စာရင်းကော်မတီမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မအူပင်မြို့နယ် ထန်းပင်ကွေ့(အရှေ့)ကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာသူ ကျေးရွာသားများအား သန်းခေါင်စာရင်း အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မအူပင်မြို့နယ် ဦးစီးမှူး ဦးဇော်မိုးအောင်က လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းမေးခွန်းများကို တိကျမှန်ကန်စွာဖြေကြားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများကို လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လေးသန်း

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ပေါင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ပေါင် ဩဂုတ် ၂၉

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက (အထက)ပေါင် ရွှေရတုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျောင်းသားကျောင်းသူများသိသင့်သည့် ဥပဒေဆိုင်ရာများ၊ ပေါင်မြို့မရဲစခန်းမှ ဒုရဲမှူးမင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သံမရောင်းက ပေါင်မြို့နယ်သည် ပြည်ထောင်စုကားလမ်းပေါ်တွင် တည်ရှိသည့်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထား လိုက်နာဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ ဟောပြောခဲ့သည်။

ထို့ပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ လူကုန်ကူးခြင်း၏ဆိုးကျိုးများကို ဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၁၀ | ၃၁၈၅ | ၃၁၉၅ | ၃၂၁၀ | ၃၁၆၅ | ၃၂၉၀ | ၃၃၂၀ | ၃၁၇၀ | ၃၁၉၀ | ၃၂၂၀ | ၃၂၁၀ | ၃၂၂၀ | ၃၆၂၅ | ၅၅၀၀ |
| 95 Ron | ၃၂၄၀ | ၃၃၂၀ | ၃၂၉၅ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၁၀ | ၃၃၂၅ | ၃၃၅၅ | ၃၃၄၅ | ၃၃၅၅ | ၃၇၆၀ | ၅၇၀၀ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၃၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၆၅ | ၂၇၂၀ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၇၅ | ၂၇၆၀ | ၂၇၇၅ | ၃၀၈၀ | ၅၅၀၀ |
| HSD (50 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |
| HSD (10 ppm) | ၃၂၉၅ | ၃၃၈၀ | ၃၃၅၅ | ၃၃၀၅ | ၃၃၈၀ | ၃၃၉၀ | ၃၄၀၅ | ၃၃၆၀ | ၃၄၈၅ | ၃၅၁၅ | ၃၃၆၅ | ၃၃၈၀ | ၃၄၁၅ | ၃၄၀၅ | ၃၄၁၅ | ၃၈၂၀ | ၅၅၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၂ | ၃၀၃၅ |
| 95 Ron | ၃၀၇၄ | ၃၁၆၉ |
| HSD (500 ppm) | ၂၅၁၀ | ၂၅၈၉ |
| HSD (50 ppm) | ၃၁၃၁ | ၃၂၂၃ |
| HSD (10 ppm) | ၃၁၃၁ | ၃၂၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံခြားဝင်ငွေရရှိနေသည့် မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန် မွေးမြူနိုင်မည့်နည်းလမ်းများအား သုတေသနပြု

ရန်ကုန် ဩဂုတ် ၂၉

သဘာဝရေပြင်များမှ ထွက်ရှိသည့် ငါးရှဉ့်များ မျိုးဆက်ပြတ်လပ်မှုမရှိစေရန် ကန်စနစ်မွေးမြူမှုထက် သဘာဝတွင် မွေးမြူပါက ပိုမိုရှင်သန်ပွားများနိုင်မည့် သုတေသန စမ်းသပ်မှုကို တွေ့ရှိထားပြီး အောင်မြင်သော မွေးမြူမှုရလဒ်ကောင်းများ ရရှိနိုင်ရန် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။



မိုးရာသီတွင် ငါးရှဉ့်များသားပေါက်၍ အများဆုံး ထုတ်လုပ်တင်ပို့လေ့ရှိပြီး သဘာဝမှ ဖမ်းဆီးရမိသောငါးရှဉ့်များကို အရွယ်အစားခွဲခြားမှုမရှိဘဲ ရောင်းချမှုကြောင့် ငါးရှဉ့်မျိုးဆက် ပြတ်လပ်မှုကို ကြိုတင်ကာကွယ်နိုင်ရန် ဖမ်းဆီးရောင်းချသူများအား ဒိုင်များက အသိပညာပေးခြင်း၊ သဘာဝအတိုင်းဖမ်းဆီးရာတွင် ငါးရှဉ့်သားပေါက်များကို ပြန်လည်လွှတ်ပေးခြင်း၊ ကန်လှောင်မွေးမြူမှုထက် သဘာဝတွင် မွေးမြူသောစနစ်ကို တွင်ကျယ်စွာ လုပ်ဆောင်ခြင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန် နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိအောင် ငါးရှဉ့်မွေးမြူမှုကို စမ်းသပ်လုပ်ဆောင်ပေမယ့် နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေရှိနေပါတယ်။ နောက်တစ်ခုက သဘာဝမှာ မွေးမြူတာက ရှင်သန်ပေါက်ပွားနှုန်းကောင်းမွန်တာကို သုတေသန ပြုရထားတာရှိပါတယ်။ နှစ်စဉ် သဘာဝမှုရင်းဒေသမှာရှိနေတဲ့ ငါးရှဉ့်ပေါက်တွေ သန်းနဲ့ ချီပြီးဆုံးရှုံးတာ သိန်းဂဏန်းပဲ။ သဘာဝမှာမွေးမြူသွားကြမယ်ဆိုရင် ဝယ်လိုအားရှိနေတဲ့ မြန်မာ့ငါးရှဉ့်ရဲ့ အနာဂတ်ဟာ ငါးရှဉ့်တောင်သူတွေရဲ့ လူမှုစီးပွားကို အထောက်အပံ့ကောင်းရရှိစေမှာပါ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် အနာဂတ်တွင် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လယ်ငါးရှဉ့်သားဖောက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တောင်သူနည်းပညာ ဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

ထို့ပြင် လယ်ငါးရှဉ့်များကို မျိုးစိတ်ခွဲခြားခြင်း၊ မျိုးငါးရှဉ့်ရွေးချယ်ခြင်း၊ ဆေးထိုးသားဖောက်ပြုလုပ်ခြင်း၊ မွေးမြူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ငါးရှဉ့်သားပေါက် စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မတူညီသော ဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ လယ်ငါးရှဉ့် မျိုးစိတ်များ မျိုးပွားမှုဆိုင်ရာ ဇီဝဗေဒကို အခြေခံ၍ သားပေါက်ရာသီ၊ မြေဆီလွှာနှင့် မျိုးပွားမှုတို့ကို ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးအကြံပြုခြင်းနှင့်အတူ နိုင်ငံတော်က ချမှတ်ထားသည့် မွေးမြူရေး ရေလုပ်ငန်း သုတေသနဆိုင်ရာ မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးရှဉ့်ပါးမွဲကို ကမ္ဘာ့နိုင်ငံ ၁၈ နိုင်ငံသို့ နှစ်စဉ်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိပြီး ယမန်နှစ်က မြန်မာနိုင်ငံမှ ပြည်ပသို့ မြန်မာ့ငါးရှဉ့် တန်ချိန် ၁၃၀၀၀ ခန့် တင်ပို့နိုင်ခဲ့၍ ပြည်ပဝယ်လိုအားနှင့်အညီ တင်ပို့နိုင်ရန် အသင့်ရှိနေသည့်အတွက် ရေသယံဇာတကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များ အနာဂတ်ကာလတွင် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေရှည်တွင် မြန်မာ့ငါးရှဉ့် မျိုးဆက် ပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ လက်တွဲ၍ ဆောင်ရွက်လျက်ရှိပြီး ကန်လှောင်မွေးမြူမှုထက် သဘာဝမူရင်းဒေသတို့တွင် မွေးမြူပါက ပိုမိုရှင်သန်ထုတ်လုပ်နိုင်မှုကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က သုတေသနပြု တွေ့ရှိထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကန္နီး**

❖ **ကာရာဘောင်ဖလားမှ**

ကာရာဘောင်ဖလားတတိယအဆင့်ရဲ့ အခြားသောပွဲစဉ်တွေမှာတော့ မန်စီးတီးအသင်းနဲ့ ဝက်ဖို့ဒ်အသင်း၊ အာဆင်နယ်အသင်းနဲ့ ဘော်လ်တန် အသင်း၊ မန်ယူအသင်းနဲ့ ဘန်စလေအသင်း၊ ဝိုင်ကွန်ဘီ အသင်းနဲ့ အက်စ်တွန်ဗီလာအသင်း၊ ကိုဗင်ထရီအသင်းနဲ့ စပါးအသင်း၊ ဝယ်ဆဲလ်အသင်းနဲ့ လက်စတာအသင်း၊ ဘရန်းဖို့ဒ်အသင်းနဲ့ လေတန်အော်ရီးရန့်အသင်း၊ ဘလက်ဘန်းအသင်းနဲ့ ရှက်ဖီးဝက်နက်စ်ဒေး အသင်း၊ ပရက်စ်တန်အသင်းနဲ့ ဖူလ်ဟမ်အသင်း၊ အဲဗာတန်အသင်းနဲ့ ဆောက်သမ်တန်အသင်း၊ ကျူပီအာအသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်း၊ စတုတ်စီးတီးအသင်းနဲ့ ဖလိဝုဒ်အသင်း၊ ဘရိုက်တန်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်း၊ အေအက်ဖ်စီဝင်ဘယ်ဒန်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ အသီးသီးတွေ့ဆုံနေတာဖြစ်ပါတယ်။

ကာရာဘောင်ဖလားတတိယအဆင့်ပွဲစဉ်တွေကို စက်တင်ဘာ ၁၆ ရက်နဲ့ ၂၃ ရက်တို့မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။

**ငွေကြယ်**

# ကလောမြို့၌ ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကလော ဩဂုတ် ၂၉

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့တွင်၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ တီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၈ ရက်နံနက် ၉ နာရီက ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းဇော်ထွေးနှင့် ညောင်ရွှေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ညောင်ရွှေမြို့နယ်နှင့် ကလောမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများက အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း၊ ၁၅နှစ်မှ၂၀နှစ်အတွင်း၊ ဝါသနာရှင်အဆင့်တို့က ကာလပေါ် အဆို၊ ခေတ်ဟောင်းအဆို၊ မဟာဂီတ၊ တစ်ကိုယ်တော်အက၊ အဖွဲ့လိုက်ကဗျာလွတ်အက၊ စန္ဒရား၊ တစ်ကိုယ်တော် နဲ၊ စောင်း၊ ပတ္တလား၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်၊ အိုးစည်အဖွဲ့၊ တိုင်းရင်းသားရိုးရာအကများဖြင့် ပြိုင်ပွဲကို ကျင်းပကြသည်။ အဆိုပါ ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများနှင့် ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေ ပါဝင်ထည့်ဝင်ပေးသည့် အလှူရှင်များအား ကလောခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေးမြို့နယ် မျက်နီကုန်းကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

သန်လျင် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မျက်နီကုန်းကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ နည်းပညာ ဦးပြည့်စုံမောင်မောင်နှင့် တာဝန်ရှိသူများက မျက်နီကုန်းကျေးရွာတွင် အရှည်ပေ ၈၈၀၊ အမြင့် ငါးပေရှိ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ၄၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၄ နှစ် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့် ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပ

လှည်းကူး ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နီလာဇော်ဝင်းက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို အခြေခံအသိပညာပေး ဟောပြောဆွေးနွေးရာ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) မြို့နယ်ဥပဒေအရာရှိနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများစုစုပေါင်း ၄၅၀ တက်ရောက်ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



❂ **အာရှအမျိုးသမီးမှ**

ကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် အုပ်စုပထမပွဲတွင် ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းကို သုံးဂိုးပြတ် အရေးနိမ့်ထားသဖြင့် ယခုပွဲအနိုင်ရမှ ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ရာ ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ အဘူဒါဘီအသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် အယ်လ်မာဇိုက သွင်းယူခဲ့သည်။

နှစ်ပွဲစီကစားအပြီးတွင် အုပ်စု (က)၌ ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းနှင့် ယူအေအီးကလပ် အဘူဒါဘီအသင်းတို့က ခြောက်မှတ်စီရရှိကာ ခြေစစ်ပွဲအောင်မြင်ရန် အပြိုင်ဖြစ်နေပြီး နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးသည့် မြန်မာကလပ် မြဝတီအသင်းနှင့် လာအိုကလပ် Young Elephant အသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ မြဝတီအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၃၁ ရက်တွင် လာအိုကလပ် Young Elephant အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ – Myawady FC**

ဝတ္ထုတို

# အမေ့လက်ရာ ရိုးရာကောက်ညှင်းငချိပ်ပေါင်း

ဝင်းမြတ်သန္တာလွင် (MRTV)

(၁၉-၄-၂၀၂၄ ရက်နေ့မှအဆက်)

ခြံထဲကထွက်သည့် ကော်ဖီကို ကြိတ်ပြီး အမေကိုယ်တိုင် နှပ်ပေးထားသော ကော်ဖီကို တစ်ကြိုက်မော့လိုက် ကောက်ညှင်းစားလိုက်နှင့် ကျွန်တော့်အတွက် အတော်အဆင်ပြေသည့် မနက်စာ၊ မရိုးနိုင်သည့် မနက်စာ၊ မမေ့နိုင်သည့် မနက်စာ၊ ဆောင်းရာသီရောက်တိုင်း မကြာ၊ မကြာ စားရလေ့ရှိသည့် ဆောင်းမနက်ခင်း နှင်းမှုန်များ ကြားက အမေ၏မနက်စာ။

*******

ကောက်ညှင်းပေါင်းနှင့် စားတော်ပဲကို အပင် ဖောက်ပြီးပေါင်းထားသည့် ပဲပေါင်း၊ နှမ်းထောင်း မွှေးမွှေး၊ ဆားလှော်အနည်းငယ်ထည့်ကာ သမအောင်နယ်လိုက်သည်။ ပြီးနောက် ပဲဆီလေး ဆမ်းပြီး အားရပါးရထပ်ဆင့်နယ်ကာ ပလုတ် ပလောင်းစားမိသည်။ ငါးရံ့ခြောက်ဖုတ်ကလည်း လိုက်ဖက်လွန်းလှသည်။ ထို့အပြင် မပါမပြီး ခရမ်း ချဉ်သီးပန်ထွေဖျော်ပျစ်ပျစ်လေး။ ကျွန်တော်က အဲဒါကိုမကြိုက်။ ကိုကြီးနှင့် မမတို့ကတော့ ကြိုက်ကြသည်။ ခြစ်ထားသည့် အုန်းသီးစိမ်း ကြိုက်လျှင် ထည့်စားဆိုတော့ ကျွန်တော်မကြိုက်၍ ထည့်မစားဖြစ်။ ယခုလို ဆောင်းမနက်ခင်းမှာ မိသားစုစုံစုံညီညီဖြင့် အမေ့လက်ရာ ကောက်ညှင်း ပေါင်းလေးကို စားရသည်မှာ အရာရာပြည့်စုံ နေလေသည်။ ကျွန်တော်ပျော်သည်ဆိုခြင်းထက် အတိုင်းထက်အလွန် ပျော်ရွှင်ကြည်နူးမိခြင်းပင် ဖြစ်တော့သည်။

(၃)

အမေပေါင်းထားသည့် ကောက်ညှင်းက တခြားကောက်ညှင်းများနှင့်မတူဘူးဟု ကျွန်တော် ထင်သည်။ ကျွန်တော်မှတ်မိသလောက် ပြောရလျှင် အမေက ကောက်ညှင်း ချက်တော့မည်ဆိုလျှင်

“ငွေနှင်းဖွေးဖွေး ဆောင်းမနက်ခင်းလေး တစ်ခုက အမေ့လက်ရာ ကောက်ညှင်းငချိပ် ပေါင်းလေးကို အောက်မေ့သတိရမိတိုင်း ချက်စားဖြစ်သလို တစ်ခါတလေ အိမ်ရှေ့က ဖြတ်သွားသည့် “ကောက်ညှင်းပေါင်း ပဲပေါင်း” ဟူသည့် ဈေးသည်၏ အသံကြား တိုင်း ဝယ်စားမိသည့်တိုင် အရသာကဖြင့် အမေ့လက်ရာလေးကို မမီနိုင်ခဲ့”



ညဦးကတည်းက ကောက်ညှင်းဆန်ကို ရေသေချာ ဆေးပြီး ရေစိမ်ထားသည်။ စားတော်ပဲကတော့ အရင်တစ်နေ့က ရေနွေးနှင့်စိမ်ထားပြီး အေးသွား တော့မှ အဝတ်စိုနှင့်ထုပ်၍ရေထည့်ထားသည့်ဇလား အောက်ကခံကာ ဆန်ခါ (ဆန်ကောကျဲ) ပေါ် တင်ထားလိုက်သည်။ မနက်မိုးလင်းချိန်တွင် အပင် ပေါက်လေးများထွက်လာသည်။ ထိုအပင်ပေါက်၊ အညှောက်ထွက်နေသည့် စားတော်ပဲလေးများကို ပေါင်းခံအိုးဖြင့် ပေါင်းလိုက်သည့်အခါ ပဲပေါင်း ဖြစ်သွားပါလေတော့သည်။

အမေ၏ ကောက်ညှင်းပေါင်းပုံလေးကလည်း တစ်မျိုးထူးဆန်းသည်ဟု ဆိုနိုင်သည်။ အမေ၏ အဖေက မောရှမ်းသွေးစပ်သည့် မောရှမ်း တစ်ယောက်ဖြစ်သည့်အတွက် သမီးဖြစ်သူ အမေက လည်း ရိုးရာအမွေခံယူထားပုံရသည်။ အဘိုးက လက်မှုပညာမှာ စိတ်ပါဝင်စားသည့်အတွက် အိမ်ကို ကိုယ်တိုင်ဖန်တီးတည်ဆောက်ခဲ့သည်ဟု ဆိုသည်။ မီးဖိုဆောင်၊ ဧည့်ခန်း၊ ဘုရားခန်းအားလုံး အစီအစဉ် ကျနစွာရှိနေသကဲ့သို့ လက်မှုအတတ်ပညာတို့ဖြင့် ထုံမွမ်းထားပုံကလည်း အံ့မခန်း။ တစ်အိမ်လုံး ကျွန်းသားဖြင့် ဆောက်ထားပြီး ဘုရားကျောင်း ဆောင်၊ တံခါးပေါက်ဘောင်၊ လှေကားလက်ရန်း၊ အိမ်ရှေ့ဝရန်တာ အစရှိသည်တို့တွင် ထုထွင်း အသုံးပြုထားသည်မှာ ရိုးရာဝတ်စုံဒီဇိုင်းတို့ဖြင့် ခမ်းနားထည်ဝါနေသော ရုပ်လုံး၊ ရုပ်ကြွများကို ကြည့်ခြင်းအားဖြင့်လည်း သိနိုင်ပါသည်။ နီး၊ ကြိမ်တို့ဖြင့် ရက်လုပ်ထားသည့် အိမ်တွင်းမှုပစ္စည်း များကလည်း အိမ်မှာအပြည့်အစုံရှိလေသည်။ အမေကလည်း အဘိုးအမွေအားလုံး ရယူထားနိုင် သည်။ အမေကတော့ ကြိမ်၊ နီးတို့ဖြင့် ရက်လုပ်သည် ကို ပို၍ဝါသနာကြီးပုံရသည်။ ဧည့်ခန်းက ဆက်တီ စားပွဲထိုင်ခုံတို့မှာ ကြိမ်ဖြင့်ထပ်ပိုးပြီး ဒီဇိုင်းထွင် ထိုးထားသည်မှာလည်း ခမ်းနားလှသည်။

နီးဖြင့်ရက်လုပ်ထားသည့် ကောက်ညှင်း ပေါင်းရန်အတွက် အဖွင့်အပိတ်ပါသည့် တောင်း အပိတ်ကလေးတစ်လုံးရှိလေသည်။ ယင်းမှာလည်း အမေကိုယ်တိုင်ရက်လုပ်ထားခြင်းဖြစ်သည်။ အချိန် ရလျှင်ရသလို ပစ္စည်းတစ်မျိုးပြီးတစ်မျိုး လုပ်နေ တတ်သည်။ ရေစိမ်ထားသည့် ကောက်ညှင်းကို ပိတ်စအဖြူအသန့်ဖြင့် သေချာထုပ်ပိုးလိုက်သည်။ (ထုပ်ပုံကလည်း ပညာသားပါလှသည်။ ကျွန်တော် မမှတ်မိတော့ပေ။) ခြင်းတောင်းလေးထဲ ထည့်ပြီး အဖုံးပိတ်ကာ ပေါင်းခံအိုးထဲမှာ သေချာပေါင်းထား သည်။ သတ်မှတ်ထားသည့် အချိန်ပြည့်သည်နှင့် တောင်းလေးကို အသာဆယ်ယူလိုက်ကာ အဖုံး ဖွင့်ပြီး အထုပ်ကိုဖြေကြည့်လိုက်သည့်အခါ အငွေ့ တထောင်းထောင်းထပြီး ကောက်ညှင်းစေ့မပျက် ယွင်းဘဲ အိစေးပိုင်နေသည့် ကောက်ညှင်းပေါင်း မွှေးမွှေးလေးကို တွေ့မြင်ရလေသည်။ စားလိုက်လျှင် လည်း အိထွေးထွေးလေးနှင့် စား၍အလွန်ကောင်း သော အမေ့လက်ရာကောက်ညှင်းငချိပ်ပေါင်း လေးပင်ဖြစ်တော့သည်။

ကျွန်တော်အနှစ်သက်ဆုံးနှင့် သဘောအကျ ဆုံးကတော့ ကောက်ညှင်းထည့်ရသည့် ခြင်းလေး ပင်။ နီးကို သေးသေးလေးမျှင်ပြီး စိတ်ရှည်လက်ရှည် ရက်လုပ်ထားသည့်အတွက် သေသေသပ်သပ်နှင့် ချစ်စရာကောင်းလွန်းလှသည်။ ထို့ကြောင့်လည်း စာကို စိတ်မဝင်စားနိုင်အောင်ဖြစ်ရပြီး အမေ့ ကောက်ညှင်းအိုးကြီးထဲက အဆိုပါခြင်းလေးက ဆွဲဆောင်အား ကောင်းလွန်းခဲ့သည်မဟုတ်ပါလား။ ကောင်းညှင်းပေါင်းကလည်း စား၍ကောင်းလွန်းခဲ့ ရသည်။

*******

ဩော်... ဒါတွေက ကြာခဲ့ပါပြီ။

ကြာခဲ့ပါပြီလေ။

အခုအချိန်မှာတော့ ဆောင်းမနက်ခင်း အရုဏ် တက်ချိန်မှာ မီးဖိုရဲရဲထက်က အငွေ့တထောင်း ထောင်းထနေပါသော အမေ၏ကောက်ညှင်းအိုးကြီး ကို ကျွန်တော်မမိုတ်မသုဉ်ငေးမောခွင့် မရှိတော့ သလို ငေးမောကြည့်ဖို့အခွင့်အရေးလည်း မရှိတော့ လောက်အောင် အမေက ကျွန်တော်တို့ကို လောက ကြီးထဲမှာ ချန်ရစ်ထားခဲ့ပါပြီ။ အမေ့လက်ရာ လိုမျိုး၊ အမေလုပ်သည့်ပုံစံမျိုး တစ်ထေရာတည်း တူအောင် ကောက်ညှင်းငချိပ်ကို ပေါင်းစားခဲ့ကြပါ သော်လည်း အမေ့လက်ရာကို မမီသလို အမေချက် သည့် အနံ့အရသာမျိုးလည်း မရနိုင်ဖြစ်ရတော့သည်။ အကြိမ်ကြိမ်ချက်စားကြပါသည်။ အကြိမ်တိုင်း အရသာတစ်မျိုးနှင့်တစ်မျိုး မတူခဲ့ပါ။ အစ်မလတ် လည်း ချက်သည်။ အစ်ကိုကြီးလည်း ချက်သည် မတူကြပါ။ ကျွန်တော်တို့မောင်နှမတစ်တွေ မိဘ ရိုးရာအမွေများထဲက အမေ၏ရိုးရာအမွေလေးတစ်ခု ဖြစ်သည့် ကောက်ညှင်းငချိပ်ပေါင်းနည်းလေးကို မျှ မသင်ယူနိုင်ခဲ့ကြပါ။ မထိန်းသိမ်းနိုင်ခဲ့ကြပါ။ ကျန်သည့်အရာများ ဆိုဖွယ်ရာမရှိ။ မစဉ်းစားပါနှင့် တော့ဟုပင် အတွေးမှ ဖွင့်ဟဖြစ်လိုက်သည်။

ငွေနှင်းဖွေးဖွေး ဆောင်းမနက်ခင်းလေး တစ်ခုက အမေ့လက်ရာ ကောက်ညှင်းငချိပ်ပေါင်း လေးကို အောက်မေ့သတိရမိတိုင်း ချက်စားဖြစ်သလို တစ်ခါတလေ အိမ်ရှေ့ကဖြတ်သွားသည့် “ကောက်ညှင်းပေါင်း ပဲပေါင်း” ဟူသည့် ဈေးသည် ၏အသံကြားတိုင်း ဝယ်စားမိသည့်တိုင် အရသာ ကဖြင့် အမေ့လက်ရာလေးကို မမီနိုင်ခဲ့ပါ။ ကောက်ညှင်းငချိပ်ပေါင်းခြင်း တူသော်လည်း အမေ့လက်ရာ ရိုးရာကောက်ညှင်းငချိပ်ပေါင်းလေး ကိုတော့ဖြင့် လုံးဝမယှဉ်နိုင်ကြောင်း နှလုံးပိုက်ကာ အမေ့ကို သတိရတမ်းတနေမိပါတော့သည်။

“သတိရလွမ်းဆွတ်မိပါရဲ့အမေ...။ လွမ်းတယ် အမေရယ်...”။ ။

## ပြုစုရေးမင်္ဂလာ(၃)ပါး

မြင်းမိုရ်ရွှေတောင် မိဘကြွေးကို
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။

ကြွေးသစ်ချကာ သားနှင့်မယားကို
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။

အလုပ်တာဝန် မလစ်ဟင်းနှင့်
အပြစ်ကင်းအောင် လုပ်ပါလေ။

စည်းစိမ်ကိုပေး ပြုစုရေး
မြော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဒဂုန်ဦးထွန်းမြင့်

# ချင်းရိုးရာ ဝါးဂီတာတူရိယာ တီးခတ်မှုဓလေ့

အမ်းမ်လောင်ရှီ

ချင်းရိုးရာတူရိယာတီးခတ်မှု ဓလေ့များမှ ဝါးဂီတာတီးခတ်မှုဓလေ့အကြောင်းကို တင်ပြ လိုက်ပါသည်။

လုံယူးခေါ် ချီုချင်းရိုးရာ ကျောက်ပျဉ်ချီအလှူပွဲ များနှင့် အသုဘနာရေးပွဲများတွင် မောင်းများ၊ ခတ်ကွင်း၊ ဗုံများဖြင့် တီးခတ်ကခုန်ကြသော် လည်း ပွဲမဟုတ်ရာတွင် တီးခတ်ခွင့်မပြုခဲ့ကြပေ။ ပွဲမဟုတ်ရာကာလတွင် ဝါးဂီတာဖြင့် ထိုတီးလုံး များကို လူငယ်များ တီးခတ်လေ့ရှိရာ တားမြစ်ခြင်း မပြုကြပေ။

ထိုဝါးဂီတာမှာ ချင်းမျိုးနွယ်စု အတော် များများက ရိုးရာဓလေ့အရ တီးခတ်ကြသည့် ရှေးကျသောတူရိယာတစ်မျိုးပင်ဖြစ်၏။ မြို (ခမီ) ချင်းတို့က Titiwn ဟုခေါ်၏။ ချီုချင်းတို့က “ဒင်းဒေါင်” ဟုခေါ်သည်။

ဝါးဂီတာပြုလုပ်ပုံမှာ တစ်တောင်ကျော် ရှည်သောဝါးဖြင့်ပြုလုပ်ရ၏။ ဝါးချောင်းပတ်ပတ် လည်တွင် ဝါးကြောများကို ဓားဖြင့် ဂီတာကြိုးပေါ် လာအောင် ဖော်ယူကာ ထိပ်နှစ်ဖက်တွင် သစ်သား သို့မဟုတ် ဝါးအတိုအစတစ်ခုခုဖြင့် ခုထားရ၏။

ကြိုး ၁၀ ချောင်း၊ ရှစ်ချောင်း၊ ခြောက်ချောင်း စသည်ဖြင့် ဝါးအရွယ်အစားကိုလိုက်ပြီး လိုသလို ပြုလုပ်တတ်ကြသည်။

ဘယ်ဘက်၊ ညာဘက် လက်နှစ်ဖက်စလုံးရှိ လက်ညှိုးနှင့်လက်မကို အဓိကသုံးကာ တီးခတ်ကြ ရခြင်းဖြစ်ကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ပါ သည်။ ။

ဓာတ်ပုံ- ချစ်နှင်းဝေ(ဖေ့စ်ဘွတ်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၂၆-၈-၂၀၂၄ ရက်နေ့မှအဆက်)

အောက်ရောက်မှ သူက-

"ဘာစိတ်ကူးပေါက်လာကြလို့လဲ၊ မိုးကြီးချုပ်မှ"

ပေါ်ဦးက ရယ်သံဖြင့် ဝင်ဖြေသည်။

"မေးမနေနဲ့၊ မနက်ဖြန် ညနေကျရင် အားလုံးပြောပြမယ်။ ဇာတ်လမ်းက ခုမှစတုန်းရှိသေးတာ"

ကျော်ညွန့် ဘာမှထပ်မပြောတော့။ သုံးယောက်သား အဓိပတိလမ်းအတိုင်း လျှောက်လာကြသည်။

အတန်ကြာတိတ်ဆိတ်သွားခြင်းကို ပေါ်ဦးက စ၍ဖြိုခွင်းလိုက်၏။

"ထွန်းဝေ၊ 'ကိုယ်ထူးကိုယ်ချွန်' ဆိုမလား"

ရင်ထဲမှာ ကျင်ခနဲဖြစ်သွား၏။ ပေါ်ဦးဘက် လှည့်ကြည့်ရင်း-

"ဟေ့ကောင် . . . မင်းမရှုပ်နဲ့။ ဟိုတုန်းကလည်း မင်းရှုပ်လို့ ဒီဇာတ်လမ်းစတာ"

ပေါ်ဦးက အားရပါးရ ရယ်၍ -

"အေးပေါ့ကွာ စကတည်းက ငါရှုပ်တဲ့ဇာတ်လမ်း၊ ပြီးတော့လည်း ငါပဲ ပိတ်ပေးရမှာပေါ့၊ လုပ်ပါဆို"

ကျွန်တော် ခေါင်းခါလိုက်သည်။

"မဆိုချင်ဘူး ဟေ့ကောင်၊ တခြားဟာ ဆိုမယ်။ အေး ...သတိရပြီ၊ သုံးရာသီတီး"

"ဘာလဲကွ၊ ခံစားချက်လေးလား"

"နောက်ဆုံး နှုတ်ဆက်ခြင်းပေါ့ကွာ"

ကျော်ညွန့်က ကျွန်တော်တို့ စကားများကို နားမလည်သဖြင့် တစ်ယောက်တည်း လှည့်ကြည့်သည်။ သူ ဘာမှမမေးခင် ကျွန်တော် သီချင်းစဆိုဖြစ်သည်။ သည်တစ်ခါမှ ခံစားချက်က ပိုပြည့်လာ၏။

"မောင် . . . မေ့နိုင်ဘူးကွဲ့ ခင့်ကို . . . လတွေ နှစ်တွေပြောင်းလေပို . . ."

* * * * *

(၆)

ညက တစ်ညလုံးမအိပ်ရသဖြင့် လက်တစ်ဆိုက်ဖြစ်နေသောမျက်ကွင်းများကို မှန်ထဲတွင် မြင်နေရသည်။

ကျွန်တော်နှင့်အတူ အဝတ်အစားလဲရင်း ပေါ်ဦးက -

"ခင်လေးက မင်းကိုတွေ့ရင် ဘယ်လိုနေမလဲ မသိဘူး"

ကျွန်တော် အံ့သြစွာလှည့်ကြည့်၍ -

"ဘာလဲ၊ ခင်လေးပါ လိုက်မလို့လား"

"လိုက်မှာပေါ့ကွ၊ သူက သက်သေလုပ်မှာပဲ"

သူ့စကားကြောင့် ခဏမျှ ငိုင်သွားသည်။ ရင်ထဲမှလည်း-

"အင်း . . . ဝအောင်ရက်စက်လိုက်ပေါ့ ခင်လေးရယ်"

သို့သော် စိတ်ထဲတွင်ရှိနေကျ ယောက်ျားမာနက ခေါင်းမော့လာသည်။ ကိုယ့်ဘက်က နောက်ဆုံးပိတ် ပြောချင်တာလေးတွေ ပြောပြီးပြီ။ ဘာပြောပြော ကိုယ့်ဘက်ကတွက်လျှင် သိပ်အရှုံးကြီးမဟုတ်။

"ကောင်းပါတယ်၊ ငါက လိုက်မလိုက်ပါ့မလားလို့"

ပေါ်ဦးက သဘောကျစွာ ရယ်လိုက်ပြီး -

"အေးပေါ့ကွာ၊ ဒီလိုသဘောထားစမ်းပါ။ ငါတောင် လိုက်ခဲ့သေးတာ

**"ပြုံးသွားသောမျက်နှာကို ရုတ်ခြည်းတည်ပြစ်၍ ဟန်လုပ်ထားသော မျက်နှာငယ်၊ သိသာနေသော အားနာသံဖြင့် - "စာချုပ်လေး ဖတ်ကြည့်ပါဦး ထွန်းဝေ" ကျွန်တော် သူ့ကို ဘုကြည့်လှမ်းကြည့်ပြီး ခေါင်းခါပြလိုက်၏။ "ကြည့်လိုက်ပါ ကိုထွန်းဝေ၊ အကျိုးအကြောင်းသိရတော့ ပိုကောင်းတာပေါ့"မဖြူစကားကြောင့် စာရွက်ကို စိတ်မပါလက်မပါ လှမ်းယူလိုက်သည်။ စာချုပ်တံဆိပ်ခေါင်းပါ စက္ကူနှစ်ရွက်။ လေးခေါက်ချိုးထားသောစက္ကူကို ဖြန့်ကြည့်လိုက်သည်။ ငါးကျပ်တန်စာချုပ်ခေါင်းကို အရင်ဖတ်မိသည်။ လက်နှိပ်စက်ဖြင့်ရိုက်ထားသော စာတန်းက - နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာ သစ္စာပြု လက်ထပ်စာချုပ်"**




"မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဟဲဟဲ . . . လောကကြီးမှာ မထင်တာတွေ ဖြစ်တတ်တယ်နော်"

စပ်ဖြဲဖြဲလုပ်နေသော ပေါ်ဦးအား မခံမကန်းလှမ်းထိုးလိုက်၍-

"ငါသိပါတယ်၊ မင်းစိတ်က ငါ့ဘကြီးစိတ်မျိုး။ ငါ့ဘကြီးက စိတ်ဆိုးရင် သူများနဲ့တူတာမဟုတ်ဘူး။ ဒါပေမဲ့ သေသသာသွားရော တစ်ခါမှ စိတ်ဆိုးတာ မတွေ့လိုက်ရဘူး"

ကျွန်တော် ပြုံးလိုက်ပြီး သေတ္တာထဲမှ တစ်ခုတည်းသောတိုက်ပုံအဖြူကို ထုတ်၍ဝတ်လိုက်သည်။

"ဟ . . . တယ်ဟုတ်ပါလား၊ လက်ထပ်မယ့် သတို့သားက တယ်ကျက်သရေရှိတာပဲ။ ရုပ်တစ်စက်မှ မပျက်ဘူး၊ အိပ်နေသလိုလေးပဲ"

"တော်ကွာ"

အူမြူးနေသောသူ့ကို အော်လိုက်မိသည်။ ထို့နောက် အင်္ကျီကော်လံကိုပြင်၍ တိုက်ပုံကို နေသားကျအောင်ပြုသည်။ ထိုစဉ် နောက်ဘက်မှ ရှူးရှူးဆိုသော အသံကြား၍ လှည့်ကြည့်လိုက်သည်။

ကျွန်တော် လှည့်အကြည့်လိုက် ကျွန်တော့်ရင်ဘတ်ကို စောစောကအတိုင်း 'ရှူးရှူး' အသံပြု၍ ပေါ်ဦးက ရေမွှေးလှမ်းဆွတ်သည်။

"ဟ . . . ဘာလုပ်တာလဲ"

"ဟဲ. . . ဟဲ . . . သတို့သားဆိုတော့ ရေမွှေးလေးဘာလေး ဆွတ်ရတာပေါ့။ ဒါမှမရရင် ဖွဲပြာလောင်းထည့်မယ်"

သည်တစ်ခါ သူ့ကို အော်ပြောလိုက်သည့်အသံကိုမှ ပြန်ပြောရန်မသင့်။

သို့သော် သူပြောသည်နှင့် ကျွန်တော့်ဖြစ်ရပ်မှာ ဘာများ ထူး၍ခြားပါတော့သနည်း။

* * * * *

ကားအနီလေးသည် ကျွန်တော်တို့ရှေ့တွင် ထိုးရပ်သွား၏။

"ကိုပေါ်ဦး နောက်ကိုလာခဲ့ပါလား"

ခင်လေးက သူ့ဘက်မှ တံခါးဖွင့်၍ ပြောလိုက်သည်။ ကျွန်တော့်ရင်ထဲ မျက်ခနဲဖြစ်သွား၏။ သည်အတိုင်းဆို ကျွန်တော်တစ်ယောက်တည်း ရှေ့မှာထိုင်ပေါ့။

ကျွန်တော် ကားတံခါးကို ခပ်ဆတ်ဆတ်ဖွင့်၍ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။ အံကို မသိမသာ ကြိတ်ထားလိုက်၏။

ကားထဲဝင်ထိုင်လိုက်ပြီး ချက်ချင်းပင် နောက်ကြည့်မှန်မှ ပေါ်ဦးဆီ လှမ်းကြည့်သည်။ ပေါ်ဦးက စပ်ဖြဲဖြဲဖြင့် မျက်စိမှိတ်ပြ၏။ သူ့ဘေးတွင် ခင်လေး။

ကျွန်တော် နောက်ကိုလုံးဝမကြည့်တော့။ တရိပ်ရိပ်ပြေးနေသော ကားအောက်သို့ဝင်လာသည့် ကတ္တရာလမ်းမနက်ကျောကိုသာ စိုက်ကြည့်နေမိသည်။

"ဟေ့ကောင် . . . ရော့"

ပခုံးကိုပုတ်ပြီး ပြောလိုက်သော ပေါ်ဦးစကားကြောင့် မသိမသာလေး ငဲ့ကြည့်လိုက်သည်။

ဒူးယားတစ်ဘူးဖွင့်လျက် . . .။

ကျွန်တော် လက်ပြန်လှမ်းယူလိုက်ပြီး ကားမောင်းသူကို တစ်လိပ်ပေး၍ ကျွန်တော်တစ်လိပ် မီးညှိသောက်သည်။

အဆင်တော့ပြေသွားသည်။ မငြိမ်သောစိတ်ကို လမ်းလွှဲထားစရာလေးတစ်ခု ရထားပြီ။

"ကိုထွေး၊ တိရစ္ဆာန်ရုံကိုမောင်း"

ခင်လေး၏ အသံပေါ်လာသည်။ အံ့သြသွားသလို ဖြစ်သွားသော်လည်း နောက်မှသတိရသည်။ သည်ကိစ္စအတွက် သူတို့သည် ကားကို သုံးချင်မှ သုံးပေမည်။ ညာတာပါတေးနှင့် ကားကို တိရစ္ဆာန်ရုံသို့ အထွက်ပြကောင်း ပြထားမည်ထင်၏။

ကျွန်တော် ဆေးလိပ်သာ မဲ့ဖွာနေတော့သည်။ သူ့ဘာသာသူ တိရစ္ဆာန်ရုံမကလို့ အရူးထောင်သွားပြပြ ကိုယ်နှင့်ဆိုင်ဟု ခပ်နာနာလေး တွေးလိုက်မိသည်။

တိရစ္ဆာန်ရုံရှေ့၌ ကားရပ်သောအခါ လေးယောက်သား ဆင်းသည်။

"တစ်ခုခု ဝင်စားရရင် ကောင်းမယ်"

မဖြူအသံကို ခုမှစကြားရသည်။ ကျွန်တော် ဘာမှမပြော၊ ဖိနပ်ဦးမှ အစွန်းကွာနေသော တံဆိပ်ဖတ်ကလေးကို စူးစိုက်ကြည့်နေလိုက်သည်။

တိရစ္ဆာန်ရုံရောက်တော့ မဖြူနှင့် ပေါ်ဦးက ရှေ့မှသွားသည်။ ခင်လေးက နောက်ချန်နေခဲ့၍ ကျွန်တော့်နားကပ်လာပြီး - -

"ခင်လေးကို စိတ်ဆိုးနေလား ကိုထွန်းဝေ"

ကျွန်တော် သူ့မျက်နှာကို ခုမှသေချာကြည့်မိသည်။ သူ့မျက်နှာတွင် ပါးချိုင့်ရိပ်ရိပ်ထင်သော အပြုံးနှင့်။

"ကျွန်တော် ခင်လေးကို စိတ်ဆိုးစရာအကြောင်းမရှိဘူး ထင်ပါတယ် ခင်လေး"

"မဟုတ်ဘူးလေ၊ ကိုထွန်းဝေ မျက်နှာမကောင်းလို့"

"မဖြူကိစ္စကြောင့် မဟုတ်ပါဘူး"

သူ ရယ်လိုက်သလား ကျွန်တော်မသိ။ သို့သော် အသံမှ ရယ်ရိပ်ကိုမူ ကျွန်တော် ဖမ်းမိသည်။

"ဒါဖြင့် ခင်လေးကိစ္စကြောင့်ပေါ့"

ကျွန်တော် ဘာမှပြန်မဖြေ။ ဆိတ်ဆိတ်နေ ဝန်ခံဆိုသောစကားကို သူမှမဟုတ် ကလေးလေးပင် ကြားဖူးလိမ့်မည်ဟု တွက်လိုက်သည်။

"အဲဒါတော့ ကိုထွန်းဝေက သက်သက်စိတ်ဒုက္ခခံတာပဲဟာ။ ကိုပေါ်ဦး မနေ့ကပြောတာကို ကိုထွန်းဝေမှ သဘောမတူတဲ"

မဖြူကို ကူညီလျှင် သူ့လက်ခံမည်ဆိုသော စကားကို ရည်ညွှန်းသည်ထင်၏။ ကျွန်တော် ချာခနဲ သူ့ဘက်ကို လှည့်ကြည့်လိုက်ပြီး-

"ကျွန်တော် မခင်လေးဆီက ဒီလိုမေတ္တာမျိုးကို ကျွန်တော်မလိုချင်ဘူး"

သူရယ်သည်မှာ တကယ်ဖြစ်ကြောင်း တိတိကျကျ သိလိုက်သည်။

"အင်းလေ . . . ကိုထွန်းဝေ မလိုချင်တာတော့ မတတ်နိုင်ဘူးပေါ့"

ကျွန်တော် အံကိုကြိတ်မိသည်။ သို့သော် ဘာမှပြန်မပြောဖြစ်တော့။

တိရစ္ဆာန်ရုံအလယ် စားသောက်ဆိုင်လေးရှေ့သို့ ရောက်လာပြီဖြစ်သည်။

"ထိုင်ကွာ ထွန်းဝေ၊ ဘာစားမလဲ"

ကျွန်တော် ခေါင်းခါသည်။ မျက်မှောင်ကတော့ ကြုတ်နေမိဆဲ။

"စားပါ ကိုထွန်းဝေ၊ ရင်အေးသွားအောင် လိမ္မော်ရည်သောက်ပါလား"

မဖြူက အပြုံးနှင့်ဝင်ပြော၏။

သူတို့ကြားတွင် ကျွန်တော် ဘယ်လိုသတ္တဝါမျိုးဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ်မသိ။ ရုပ်များအားလုံးကို တစ်စက်မှ ကြည့်မရချင်၊ စကားများအားလုံးကို တစ်လုံးမှ နားမထောင်ချင်တော့။ ဘာလဲ၊ ရင်အေးသွားအောင်ဆိုတာ။

"ကဲပါ . . . မှာလိုက်ပါ၊ လိမ္မော်ရည် လေးပုလင်းနဲ့ ကိတ်မုန့်"

ခင်လေးက ဆတ်တောက်တောက် လေသံဖြင့် ဝင်ပြောသည်။ ပေါ်ဦး ကပျာကယာ ထ၍သွားသည်။ ကျွန်တော် သူ့နောက်က ကပ်လိုက်လာခဲ့၏။ သည်နေရာမှ ကိုယ်တိုင်ယူစနစ်ကြောင့်တော့ ဟုတ်မည်မထင်။

ကိတ်မုန့်နှင့် လိမ္မော်ရည်ပုလင်းများယူလာ၍ အားလုံးဝိုင်းထိုင်မိသောအခါ မဖြူက စာရွက်နှစ်ရွက်ကို ပေါ်ဦးအားပေးသည်။ မဖြူကမ်းပေးလိုက်သော စာရွက်နှစ်ရွက်ကို ပေါ်ဦးကယူ၍ အသေအချာ ကြည့်သည်။

ပြုံးသွားသောမျက်နှာကို ရုတ်ခြည်းတည်ပြစ်၍ ဟန်လုပ်ထားသော မျက်နှာငယ်၊ သိသာနေသော အားနာသံဖြင့် -

"စာချုပ်လေး ဖတ်ကြည့်ပါဦး ထွန်းဝေ"

ကျွန်တော် သူ့ကို ဘုကြည့်လှမ်းကြည့်ပြီး ခေါင်းခါပြလိုက်၏။

"ကြည့်လိုက်ပါ ကိုထွန်းဝေ၊ အကျိုးအကြောင်းသိရတော့ ပိုကောင်းတာပေါ့"

မဖြူစကားကြောင့် စာရွက်ကို စိတ်မပါလက်မပါ လှမ်းယူလိုက်သည်။ စာချုပ်တံဆိပ်ခေါင်းပါ စက္ကူနှစ်ရွက်။

လေးခေါက်ချိုးထားသော စက္ကူကို ဖြန့်ကြည့်လိုက်သည်။ ငါးကျပ်တန်စာချုပ်ခေါင်းကို အရင်ဖတ်မိသည်။

လက်နှိပ်စက်ဖြင့်ရိုက်ထားသော စာတန်းက -

"နှစ်ဦးသဘောတူ ထိမ်းမြားမင်္ဂလာ သစ္စာပြု လက်ထပ်စာချုပ်"

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

## မတည်ငွေရင်းလျှော့ချကြောင်း ကြေညာခြင်း

Myanmar Peach Co., Ltd. ၏ အစုရှယ်ယာ တန်ဖိုးအား ငွေကျပ် သိန်း (၅၀၀၀)မှ ငွေကျပ် သိန်း (၁၅၀)သို့ ပြင်ဆင်လျှော့ချ လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Peach Co., Ltd.**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၁၄၄)၊ အကျယ်အဝန်း(အလျား ၄၃ ပေ x အနံ ၆၀ ပေ)ရှိ ဒေါ်အေးအေးခိုင် [၁၂/ဗဟန(နိုင်) ၀၈၂၈၆၁] အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များ အားလုံးကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးခိုင် [၁၂/ဗဟန(နိုင်)၀၈၂၈၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ရူပါထွန်း [၁၂/တမန(နိုင်)၀၉၂၆၈၇]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးပြည့်ဖြိုးသူ (LL.B) အထက်တန်းရှေ့နေ (စဥ်-၄၆၁၄၀)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၄၂၂၄၉၈၆၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/ပုဗ္ဗသီရိ အနောက်ရပ်၊ လူနေရပ်ကွက်အမှတ်-၀ဏ္ဏဒီပရပ်ကွက်၊ မြစ်သာ(၃)လမ်း၊ မြေကွက် အမှတ်-ပ-၃၂၄၈၊ မြေအကျယ်အဝန်း (အလျား ၆၀ ပေx အနံ ၄၀ ပေ)၊ ဧရိယာ ၀.၀၅၅ ဧက ရှိ ဒေါ်ဝင်းစုအောင် [၁၂/ဗဟန(နိုင်)၀၈၉၁၇၅] အမည်ပေါက် ဂရန် မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းစုအောင် ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်(၇)ရက် အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လင်းအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၇၃၁/၁၄)**
**အခန်း-၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်း နှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (B-1) နေ ဦးစိုးသန်း [၁၂/သဃက(နိုင်)၁၄၃၅၃၉]၊ ဒေါ်ဝင်းပပ [၁၂/ သလန(နိုင်)၀၀၈၆၉၇] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် အဆောက်အအုံအမှတ် (A2)၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၇၁၈)၊ Type (E)၊ (၇) လွှာ၊ ဧရိယာ (၁၇၅၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ ကွန်ဒိုတိုက်ခန်းဝယ်ယူစဉ်က Thanlyin Estate Development Ltd. နှင့် ဦးစိုးသန်း၊ ဒေါ်ဝင်းပပတို့ ချုပ်ဆိုခဲ့သော (၉-၈-၂၀၁၉) ရက်စွဲပါ DEED OF NOVATION, Deed of Mutual Covenants of Owners/Occupants ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများမှာ အိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် စာချုပ်မိတ္တူမှန် ပြန်လည်ထုတ်ယူရန် ဆောင်ရွက် လျက်ရှိကြောင်းနှင့် စာချုပ်မိတ္တူမှန်ထုတ်ယူပြီး နောက်ပိုင်းတွင် တစ်နည်း နည်းဖြင့် မူရင်း၊ စာချုပ်ပေါ်ပေါက်လာပါက အဆိုပါမူရင်းစာချုပ်မှာ ဥပဒေနှင့် အကျုံးဝင် အတည်မဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိလှိုင် (LL.B, C.B.L, D.B.L, LQB (UK), B.D.S, E.D.S)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၂၆၀)**
**အမှတ် (၉၇/ခ)၊ နတ်မောက်ပန်းခြံ (၁) လမ်း၊ (၆/၁၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၃၃၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်(၅)လမ်း၊ အမှတ်- ၂၁၄၇(က) ဟုခေါ်တွင်သော ရန်ကုန် တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇၁ ၊ မြေကွက် အမှတ်-၂၁၄၇ (က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဒေါ်သိန်းရီ [၁၂/တမန(နိုင်)၀၂၅၆၆၂] အမည်ပေါက်လျက် ရှိသော မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် လက်ရှိထားပိုင် ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ဆုကျော်[၁၁/ရဗန(နိုင်)၀၇၉၁၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပွင့်ဖြူအောင် [၁၂/ဥကတ(နိုင်)၁၈၅၀၁၁] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖူးပွင့်ဝေခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၉၈၁)**
**အမှတ်-၂၁၃/က၊ ကံ့ကော်လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၃၃၉၈၂၉၊ ၀၉-၉၇၂၅၃၁၇၉၅**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ အောင်သဇင်(၃)လမ်း၊ မြေကွက်အမှတ်(၅၈၆)၊ ဒေါ်ခင်သန်းအေး အမည်ပေါက်သည့် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲ မစိတ်ရသေးသော မြေအကျယ်ပေ(၁၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ ရေ/မီးပါရှိ သော နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဌေးဝင်း[၁၂/ဥကမ(နိုင်) ၁၄၁၂၉၁]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းတို့(လုံးဝ)မရှိ သည်ကို တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားမည်သည့် အရှုပ် အရှင်းတစ်စုံတစ်ရာ မျှမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်မာမာနှင်း[၁၂/ လသန(နိုင်)၀၄၁၀၉၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့် နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်း မူရင်း၊ စာရွက် စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မာမာနှင်း၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၇)၊ ပညာလမ်း၊ မြေကွက်အမှတ် (၉၂၈)ဟုခေါ်တွင်သော ဒေါ်ဝင်းပဏ္ဍြာ အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ် ပေ(၄၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရွှေနု [၁၂/ဒဂန(နိုင်) ၀၂၀၀၅၀]မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်သိန်း[၁၂/မဂဒ(နိုင်)၀၉၀၇၆၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၅)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။ **ညွှန်ကြားသူ** **ဦးမောင်သိန်း**

**ညွှန်ကြားချက်အရ**
**ဒေါ်ဟန်နီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၆၉)**
**အမှတ်(၃၅/၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၀၅၄၁၂၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း/တောင် ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ တိုက်အမှတ်(၄၃)၊ ၇ထပ်တိုက်၏ ၄လွှာ၊ တတိယထပ်၊ ခြေရင်းခန်း၊ အကျယ်(၁၅'x၆၀')ရှိ ရေမီးစုံ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိ ပိုင်ဆိုင်သူ ဒေါ်ဥမ္မာခိုင်[၆/ ထဝန(နိုင်)၀၈၃၁၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျင့်ခေါ်ညောင်[၅/ ကလထ(နိုင်)၀၂၀၂၆၁]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင် ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄) ရပ်ကွက်၊ ကေရာဇ်လမ်း၊ အမှတ်(၉၈၀)၊ (ပါမစ်အမည်ပေါက်ဦးစိန်ထွန်း) အကျယ်(၄၀'x၆၀')မြေကွက်အနက်မှ မြေကွက်၏(ညာခြမ်း)၊ အကျယ် (၂၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိပိုင်ဆိုင်သူဟုဆိုသူဒေါ်ဇွန်သရဖီ ထွန်း [၁၂/ဒဂမ(နိုင်)၀၃၁၄၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်သူဇာ အေး[၁၂/တမန(နိုင်)၀၉၂၇၆၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ဆိုင် ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးသူ [၁၄/ပသန(နိုင်)၂၂၄၆၉၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ် ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးသူမှ လွန်ခဲ့သော ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့တွင် ဦးအောင်မျိုးသူ နှင့် ဒေါ်ခိုင်သဇင်နှင်းတို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို လှိုင်သာယာ မြို့နယ်တရားရုံးတွင် ကွာရှင်းပြတ်စဲခဲ့ခြင်းဖြစ်ပါသည်။

တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်နောက် Facebook Account မှ Hnin Hnin Account, Zue Zue Account, yltylt 212 Account များဖြင့် စိတ်အနှောင့် အယှက်ဖြစ်အောင် နှောင့်ယှက်နေသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးသူ အမည်ဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော အခြားမည်သည့်နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာ ကျဆင်း သော မည်သည့်အရေးအသားအပြုအမူဖော်ပြချက် တစ်စုံတစ်ရာကိုမဆို ၎င်းနှင့် ပတ်သက်သော အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ Facebook စာမျက်နှာ ပေါ်တွင်လည်းကောင်း၊ Facebook Comment များတွင် လည်းကောင်း၊ Messenger, Viber အစရှိသော ဆက်သွယ်မှုကွန်ရက်များမှ လည်းကောင်း ရိုင်းစိုင်းသော အပြောအဆိုအရေးအသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရေးသားခြင်း၊ လူမှုရေး Website ၊ ဂျာနယ်၊ သတင်းစာမျက်နှာ တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ ဖန်တီးခြင်း၊ စိတ်အနှောင့်အယှက် ဖြစ်စေရန် ပြုလုပ်ခြင်းများကို တွေ့ရှိပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့် အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်မင်းထွန်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ.လ.ရ၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၁၂၈၇၇၆၊ ၀၉-၆၆၆၁၄၄၈၉၄**

## မြန်မာ့အစားအသောက်ဓာတ်ခွဲခန်းကွန်ရက်
## (Myanmar Food Laboratory Network)
## ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး (၂၀၂၄) ဖိတ်ကြားလွှာ

မြန်မာ့အစားအသောက်ဓာတ်ခွဲခန်းကွန်ရက် **(Myanmar Food Laboratory Network)**၏ ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး (၂၀၂၄)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | -၁၄-၉-၂၀၂၄ ရက်(စနေနေ့) |
